ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ သောကြာနေ့၊ (26-2-2016) (၈၄၈၈)

## အေးစေ မြစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# BRT Lite စနစ်ဖြင့်ဘတ်စ်ကားပြေးဆွဲမှု ခရီးသည်များ ကြိုက်နှစ်သက်ကာ စီးနင်းသူများပြားလာ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

BRT Lite စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲမှုကို ဖေဖော်ဝါရီ ၇ ရက်က ရန်ကုန်မြို့တွင် စတင်စမ်းသပ်ပြေးဆွဲခဲ့ရာ စီးနင်းသူခရီးသည်များ ကြိုက်နှစ်သက်မှုရှိပြီး နေ့စဉ် လိုက်ပါစီးနင်းသူခရီးသည် များပြားလာကြောင်း သိရသည်။

BRT Lite စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲမှုတွင် ယာဉ်နောက်လိုက်ထားရှိခြင်းမရှိဘဲ ကတ်စနစ်ဖြင့် ယာဉ်စီးခပေးချေသည့်စနစ်ကို ကျင့်သုံးလျက်ရှိပြီး အခြားဘတ်စ်ကားလိုင်းများကဲ့သို့ ပြိုင်မောင်း၊ လုမောင်းခြင်းနှင့် ခရီးသည် အလုအယက်ဆွဲတင်၊ တွန်းချခြင်းများမရှိသည့်အပြင် ငွေအကြွေပြန်အမ်းမှုပြဿနာမရှိသည့်အတွက် စိတ်အေးချမ်းစွာ ဘတ်စ်ကားစီးနင်းရမှုအပေါ် ခရီးသည်များ သဘောကျနှစ်ခြိုက်ကြသည်ဟု အဆိုပါယာဉ်လိုင်းကို နေ့စဉ်စီးနင်းနေသော ခရီးသည်များက ပြောသည်။

"ကျွန်တော်က ထောက်ကြန့်ကနေ လှည်းတန်းကို အလုပ်လာရတာ။ BRT Lite ကားက စီးရတာ အဆင်ပြေတယ်ဗျ။ ယာဉ်စီးခက ကျပ် ၃၀၀ ဆိုတော့ တစ်မှတ်တိုင်၊ နှစ်မှတ်တိုင်သွားမယ့်သူတွေအတွက် အဆင်မပြေပေမယ့် ကျွန်တော်တို့လို လူတွေအတွက်ကတော့ အဆင်ပြေတယ်။ အေးအေးဆေးဆေးထိုင်စီးရတယ်။ အဲကွန်းကလည်းအေးတယ်။ ယာဉ်နောက်လိုက်နဲ့ စကားများစရာမလိုဘူး။ ကားပေါ်ကို သက်သောင့်သက်သာတက်၊ သက်သောင့်သက်သာဆင်းပဲ။ တခြားလိုင်းကားတွေကတော့ သိတဲ့အတိုင်းပဲ။ ရပ်ချင်ရင် တမေ့တမောရပ်တာ။ မောင်းချင်ရင်လည်း ဘုရားတနေရတော့တာပဲ။ ဒီလို BRT လို ကားမျိုးတွေ တစ်မြို့လုံးမှာ ပြေးဆွဲပေးနိုင်မယ်ဆိုရင်မဆိုးဘူး။ ကျွန်တော်တို့ကတော့ ဒီစနစ်ကို ထောက်ခံပါတယ်"ဟု ထောက်ကြန့်တွင်နေထိုင်သူ ကိုဖြိုးမြင့်က ၎င်း၏ အတွေ့အကြုံကို ပြောသည်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖**




**ရန်ကုန်မြို့တွင်း BRT Lite စနစ်ဖြင့် စမ်းသပ်ပြေးဆွဲနေသည့် ဘတ်စ်ကားတစ်စီးကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-ခင်မောင်ဝင်း)*

## ထူးခြားမြစ်ရေ အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဖေဖော်ဝါရီ ၂၅ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် သုံးရက်အတွင်း ခုနစ်ပေခွဲခန့်နှင့် ဗန်းမော်မြို့တွင် တစ်ရက်အတွင်း နှစ်ပေခန့်ပြန်လည်ကျဆင်းခဲ့ပြီးဖြစ်သည်။ အဆိုပါမြစ်ရေသည် ကသာမြို့တွင် နှစ်ရက်အတွင်း ကိုးပေခွဲခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သောမြစ်ရေများသည် နောက် တစ်ရက်မှ သုံးရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်နှင့် နောက်လေးရက်မှကိုးရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လေးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြမည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ်သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေရုတ်တရက် တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**

> **"တိုင်းပြည်က ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်နေတဲ့အချိန်မှာ ဒီလိုလုပ်ငန်းကြီးခွင့်ပြုပြီးမှ ရပ်တန့်လိုက်တာကြောင့် တိုင်းပြည်ရဲ့ ရင်းနှီးမြှုပ်နှံမှုပုံရိပ်ကို မထိခိုက်အောင် တကယ့်ရင်းနှီးမြှုပ်နှံသူတွေ နစ်နာမှုရှိလာတဲ့အခါ နောက်ဆက်တွဲဖြစ်စဉ်တွေ ရှိလာနိုင်တယ်"**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့် အင်တာဗျူး စာမျက်နှာ - ၅

---

**နောင်အစိုးရအဖွဲ့တာဝန်ယူစဉ် စဉ်းစားစီမံဆောင်ရွက်နိုင်ရန် အချို့ကိစ္စရပ်များ ဆိုင်းငံ့**

စာမျက်နှာ - ၈



## ကြေးမုံ စာတည်းရှုထောင့် ၂၆-၂-၂၀၁၆၊ သောကြာနေ့

# အမျိုးသမီးအခွင့်အရေးတိုးမြှင့်ပေး

အမျိုးသမီးအခွင့်အရေးဟုဆိုရာ၌ အမျိုးသမီးနှင့်မိန်းကလေးများ၏ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို ဆိုလိုခြင်းဖြစ်သည်။ အမျိုးသမီးအခွင့်အရေးသည် ကျယ်ပြန့်လှသည်။ ယခုအခါ အမျိုးသမီးများအရေးကို ကျယ်ကျယ်ပြန့်ပြန့် အလေးထားဆောင်ရွက်ပေးလာသဖြင့် ဝမ်းမြောက်ရသည်။

အမျိုးသမီးများနှင့်ပတ်သက်၍ လတ်တလော ဖြစ်ပေါ်နေသော နိုင်ငံအားလုံးတွင်ခံစားနေရသည့် အမျိုးသမီးများ၏ အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ပတ်ဝန်းကျင်နှင့် စိုပြည်စိမ်းလန်းရေးဆိုင်ရာ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ၊ သက်ကြီးရွယ်အိုအမျိုးသမီးများဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြဿနာများအထိ အကျုံးဝင်သည်။

ယင်းပြဿနာများကို ဆွေးနွေးအဖြေရှာနိုင်ရန်အတွက် အာရှပစိဖိတ်မျိုးဆက်ပွားကျန်းမာရေးနှင့်အခွင့်အရေးဆိုင်ရာ ညီလာခံများကို ၂၀၀၁ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံမှစတင်၍ နှစ်အလိုက်၊ နိုင်ငံအလိုက်ကျင်းပလာခဲ့ရာ ယခုနှစ်အတွက် (၈) ကြိမ်မြောက်ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပတော့မည်ဖြစ်၍ မြန်မာနိုင်ငံမှ အမျိုးသမီးများအတွက် အထောက်အပံ့ကောင်းရရှိနိုင်မည်ဟု မျှော်လင့်ပါသည်။

အမျိုးသမီးများအရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင်အလေးထားဆောင်ရွက်ပေးလျက်ရှိရာ အထူးသဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအသင်း၊ အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးအသင်းတို့ သာမက မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ကလည်း အမျိုးသမီးများအရေးကို ဦးစားပေးဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ယခုလည်း အဆိုပါ ညီလာခံကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးပြီး မြန်မာနိုင်ငံ၌ ဖေဖော်ဝါရီလ ၂၃ ရက်မှ ၂၆ ရက်နေ့အထိ နိုင်ငံတကာမှ အမျိုးသမီးရေးရာကျွမ်းကျင်သူများနှင့်အတူ ဆွေးနွေးညှိနှိုင်းနေကြပြီဖြစ်သည်။

အစည်းအဝေးတွင် ပျိုရွယ်သူများ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာဖလှယ်ခြင်း၊ လူငယ်ညီလာခံ ကျင်းပခြင်း၊ နည်းပညာ၊ အတတ်ပညာဆိုင်ရာဆွေးနွေးခြင်း၊ နိုင်ငံတကာမှ တင်သွင်းလာသည့် သိပ္ပံနှင့်သုတေသနစာတမ်းများ ရွေးချယ်ဖတ်ကြားဆွေးနွေးခြင်း၊ ညီလာခံနှင့်သက်ဆိုင်သော ပိုစတာများ ဖိတ်ခေါ်တင်ဆက်ပြသခြင်း၊ ဟောပြောပွဲများပြုလုပ်ခြင်းနှင့် နေပြည်တော် နယ်နိမိတ်အတွင်းရှိ အရပ်ဘက်လူမှုရေး အဖွဲ့အစည်းများ၏ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာလုပ်ငန်းများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်သော အမျိုးသမီးများဆိုင်ရာ အစီအစဉ်များသည် မျက်မှောက်ကာလတွင် ကြုံတွေ့နေရသော အမျိုးသမီးများ ဘဝ လုံခြုံစိတ်ချရေးအတွက် အထောက်အပံ့ကောင်းများဖြစ်သည်။ ယနေ့ကာလတွင် မျိုးဆက်ပွားနိုင်သော အမျိုးသမီးငယ်ရွယ်များတွင် အသိပညာဗဟုသုတများ နည်းပါးနေသေး၍ မဖြစ်သင့်၊ မဖြစ်ထိုက်သည့် ဆိုးကျိုးများနှင့် ကြုံတွေ့နေရသည်ကို မြင်တွေ့ကြားသိနေရသည်။

အထူးသဖြင့် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးအသိများ၊ အခွင့်အရေးများကို နားမလည်သေးသောကြောင့် အမျိုးသမီးများ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကိုသာမက ၎င်းတို့အတွက် အသက်အန္တရာယ်ကိုပင် ထိခိုက်နစ်နာစေသောအဖြစ်များကို ကြုံတွေ့ကြရသည်။ ထို့အပြင် မလိုလားအပ်သော ကိုယ်ဝန်ဆောင်မှုနှင့် ကလေးငယ်စွန့်ပစ်ပျက်စီးမှုများကြောင့် အသက်အန္တရာယ်များ ဆုံးရှုံးရသည့်အနေအထားများကိုပါ မြင်တွေ့လာရသည်။

ထို့ကြောင့် မိသားစုစီမံကိန်းနှင့် မျိုးဆက်ပွားကျန်းမာရေးအစီအမံများကို ဆောင်ရွက်ပေးခဲ့ရာ မလိုလားအပ်သော ကိုယ်ဝန်ဆောင်မှုနှင့် မဖြစ်သင့်သော အန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ပြီး မိခင်သေဆုံးမှုများကို သုံးပုံတစ်ပုံအထိလျှော့ချနိုင်ခဲ့သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသမီးများဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းတမီ သိရှိနားလည်အသုံးချနိုင်ရန် လိုအပ်လာသည်။

ထိုအခြေအနေကောင်းများကို ရရှိနိုင်ရန်အတွက် ယခုကဲ့သို့ အမျိုးသမီးများဆိုင်ရာ နိုင်ငံများနှင့်ပူးပေါင်းညှိနှိုင်း ဆွေးနွေးအဖြေရှာကြသည်မှာ လွန်စွာလျော်ကန်သင့်မြတ်ပြီး အမျိုးသမီးများကျန်းမာရေးနှင့် လုံခြုံစိတ်ချရေးတို့ကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသမီးတိုင်းသာမက သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများကပါ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## ကျေးလက်အမျိုးသမီးများအကျိုးရှိစေသည့် အခမဲ့မိုဘိုင်းဆော့ဖ်ဝဲလ် အသုံးပြုနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံတစ်ဝန်းရှိကျေးလက်များမှ အမျိုးသမီးများအကြား အားပေးနှိုးဆော်ရန်နှင့် မိမိကိုယ်မိမိယုံကြည်မှုများတိုးပွားစေရန်၊ ရပ်ရွာအကျိုး၊ မိသားစုအကျိုးနေ့စဉ်ထမ်းရွက်ကြရာတွင် လမ်းညွှန်ပြသမှုနှင့်အချင်းချင်း အားပေးမှုများရရှိကာ အများယုံကြည်လေးစားသော ခေါင်းဆောင်များဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ စွမ်းရည်မြင့်မားမေ့အင်အား iWomen မိုဘိုင်းဆော့ဖ်ဝဲလ်ကို အခမဲ့အသုံးပြုနိုင်ကြောင်း သိရသည်။

အခမဲ့အက်ပလီကေးရှင်းတွင် စိတ်ဓာတ်ခွန်အားဖြည့်ကဏ္ဍ၊ ဗဟုသုတရရန်ကဏ္ဍ၊ ပေါင်းစည်းဆောင်ရွက်ရန်ကဏ္ဍနှင့် အမျိုးသမီးများမှ ဆွေးနွေးလိုသည်များကိုရေးသားချက်၊ အသံနှင့် ဗီဒီယိုဖိုင်များပါဝင်ကြောင်း သိရသည်။ ထို့ပြင် အမျိုးသမီးများ၏ ရပ်ရွာလူထုရေဒီယိုအသံလွှင့်မှုများအား ဖမ်းယူထားနိုင်သည့် မိုဘိုင်းဖုန်းအခြေခံ Podcast တစ်ခုအဖြစ် ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုဘိုင်းဆော့ဖ်ဝဲလ်ကို အင်တာနက်တွင် www.iwomenapp.org နှင့် www.facebook.com/iwomenAppတို့မှတစ်ဆင့် ဝင်ရောက်ကြည့်ရှုနိုင်သည်။ iWomen ဆော့ဖ်ဝဲလ်သည် ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP နှင့် မေတ္တာနိုင်ငံလုံးဆိုင်ရာ ကျေးလက်အမျိုးသမီးများကွန်ရက်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ **(မွန်းဦးနဒီ)**

## ကြံသီးနှံစိုက်ပျိုးနည်းစနစ် သရုပ်ပြပွဲကျင်းပ

**ပေါက်ခေါင်း ဖေဖော်ဝါရီ ၂၅**

ကြံတစ်ဧက တန် ၈၀ အထက်ထွက်ရှိမည့်နည်းပညာအား ကြံစိုက်တောင်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ကြံသီးနှံတစ်ဆစ်ချင်း ပျိုးထောင်စိုက်ပျိုးနည်းစနစ် သရုပ်ပြပွဲအား ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ငါးခူအိုင်အုပ်စု ဇရပ်ကုန်းကျေးရွာ တောင်သူ ဒေါ်စမ်းမြိုင်၏ ယာမြေလေးဧက၌ ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးလှမြင့်နှင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုငါးအုပ်စုမှ တောင်သူများ တတ်ရောက်ကြသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးတို့က စိုက်ပျိုးရေးဦးစီးဌာန၏ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများအခြေအနေနှင့် ရေရှည်ဆောင်ရွက်သွားမည့် လုပ်ငန်းများအခြေအနေ၊ ကြံတစ်ဧက တန် ၈၀ နှင့်အထက် ထွက်ရှိနိုင်မည့် နည်းပညာများ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက ပျိုးထောင်ထားသော ကြံတစ်ဆစ်ချင်း ပျိုးခင်းအား လေ့လာကြပြီး တစ်ဆစ်ချင်းပျိုးပင်များနှင့် လက်တွေ့စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(၄၉၇)**



## တပ်ကုန်းမြို့နယ်တွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**တပ်ကုန်း ဖေဖော်ဝါရီ ၂၅**

တပ်ကုန်းမြို့နယ် ရပ်ကွက်(၆) ရပ်ကွက်၊ ကျေးရွာအုပ်စု (၄၉) အုပ်စုတွင် အသက်ငါးနှစ်အောက် ကလေးငယ် ၁၅၇၈၇ ဦးအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရန် လျာထားပြီး ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်ထိ အမျိုးသားကာကွယ်ဆေးတိုက်နေ့သတ်မှတ်၍ ကာကွယ်ဆေးတိုက်ကျွေးခဲ့ရာ အသက်ငါးနှစ်အောက်ကလေးငယ် ၁၅၅၂၂ ဦးကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးနိုင်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှသိရသည်။ **(တင်စိုးလွင်)**

# စတုတ္ထအကြိမ် ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲ(ပုပ္ပား) စခန်းဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

စတုတ္ထအကြိမ် ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲ(ပုပ္ပား) စခန်းကို မတ် ၁ ရက်မှ ၆ ရက်အထိ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲ(ပုပ္ပား)စခန်းသို့ မြန်မာနိုင်ငံ ကင်းထောက်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်ဆရာ ဆရာမများ ၆၁၉ ဦး တက်ရောက်ကြမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၉ ရက်တွင် စခန်းချပွဲတက်ရောက်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ကင်းထောက်မောင်မယ်များသည် ၎င်းတို့၏အစီအစဉ်ဖြင့် ပုပ္ပားစခန်းသို့ ထွက်ခွာမည်ဖြစ်ရာ မတ် ၂ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း ပုပ္ပားစခန်းတွင် စခန်းချဖွင့်ပွဲကျင်းပမည်ဖြစ်ပြီး ကင်းထောက်စခန်းချအခြေခံ အသိပညာနှင့်ကျွမ်းကျင်မှုလုပ်ငန်း ဆွေးနွေးပို့ချမည်ဖြစ်သည်။

မတ် ၃ ရက်နှင့် ၄ ရက်တို့တွင် ကင်းထောက်မောင်မယ်များသည် ပုပ္ပားတောင်မကြီးနှင့် ပုပ္ပားတောင်ကလပ်သို့ ခြေကျင်ခရီးသွားရောက်ပြီး ကင်းထောက်စခန်းချပညာရပ်များသင်ကြားကာ ညပိုင်းတွင် စခန်း၌ကင်းထောက်မောင်မယ်များ ယူဆောင်လာသည့် ဒေသထွက်ကုန်များ အမှတ်တရအပြန်အလှန်လဲလှယ်ကာ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများနှင့် ဂီတပွဲတော်ကျင်းပမည်ဖြစ်သည်။

မတ် ၅ ရက်တွင် ကင်းထောက်တောတွင်းစခန်းချ လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်ကာ ပုဂံ၊ ညောင်ဦးရှိ ရှေးဟောင်းဘုရားများဖူးမြော်ပြီး ယဉ်ကျေးမှုနယ်မြေအတွင်း လေ့လာကြည့်ရှု၍ ညပိုင်းတွင် စခန်းသိမ်းပွဲနှင့်မီးပုံပွဲတော်ကျင်းပမည်ဖြစ်သည်။

မတ် ၆ ရက်တွင် ကင်းထောက်အရည်အသွေးဆန်းစစ်ခြင်းနှင့် စခန်းကာလ အတွေ့အကြုံအပေါ် ဆန်းစစ်အကဲဖြတ်ကာ ပုပ္ပားစခန်းမှ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

**ကိုလတ်(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်(ရွှေဈေး) ၈၀၇၀၀၀ - ၈၀၈၀၀၀  မန္တလေး(ရွှေဈေး) ၈၀၆၈၀၀ - ၈၀၇၈၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၀၀/၅၂၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၇၀/၇၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၃၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၂၀ ကျပ်၊ | ၅၅၀/၅၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၇၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၁၄ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၂၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | |
|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၃၇. ၀ | | (စ) အိန္ဒိယ | တစ်ရူပီး | = ၁၈. ၀၇၈ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၃၆၂. ၁ | | (ဆ) ဂျပန် | တစ်ရာယန်း | = ၁၁၀၃. ၁ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၈၉. ၃၈ | | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၀. ၁၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၄. ၆၆၉ | | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၈၇. ၅၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၉၃. ၇၅ | | (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၈၈၀. ၈၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပြည်တွင်းရေးရာ

# ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရုံးအဖွဲ့အစည်းများသို့ ထပ်မံပြောင်းရွှေ့ရောက်ရှိလာကြသော ဝန်ထမ်းများအား နေရာချထားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နေပြည်တော်ကောင်စီနယ်မြေရှိ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရုံးအဖွဲ့အစည်းများသို့ ထပ်မံပြောင်းရွှေ့ရောက်ရှိလာကြသော ဝန်ထမ်းများနေထိုင်ရေး အဆင်ပြေစေရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် လူပျို၊ အပျို ဝန်ထမ်းများအတွက် နှစ်ထပ် လူပျိုဆောင် ငါးလုံး၊ နှစ်ထပ်အပျိုဆောင် ၁၀ လုံးနှင့် အိမ်ထောင်သည် ဝန်ထမ်းများအတွက် အမှုထမ်းအိမ်ရာ ၂၀ လုံးတို့အား ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံဆောက်လုပ်ခဲ့ပြီး ပထမအဆင့်အနေဖြင့် နှစ်ထပ်လူပျိုဆောင် ငါးလုံးနှင့် နှစ်ထပ်အပျိုဆောင် ၁၀ လုံးတို့အား ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ဆောက်လုပ်ပြီးစီးခဲ့သဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရုံးအဖွဲ့အစည်း ၃၇ ခုတို့မှ ဝန်ထမ်း လူပျို ၄၈၀၊ ဝန်ထမ်း အပျို ၉၆၀ စုစုပေါင်း ၁၄၄၀ တို့အား ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် နေရာချထားပေးကာ အဆင်ပြေစွာ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီဖြစ်သည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံ ဆောက်လုပ်လျက်ရှိသော အိမ်ထောင်သည် ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ လေးထပ် ၂၀ လုံးအနက်မှ ဉာဏသိဒ္ဓိရပ်ကွက်တွင် အဆောက်အအုံခြောက်လုံး၊ ခနသိဒ္ဓိ ရပ်ကွက်တွင် အဆောက်အအုံလေးလုံး စုစုပေါင်း အဆောက်အအုံ ၁၀ လုံး ဆောက်လုပ်ပြီးစီးပြီဖြစ်သဖြင့် ရုံးအဖွဲ့အစည်း ၂၅ ခုတို့မှ အိမ်ထောင်သည်ဝန်ထမ်း ၂၄၀ တို့အား ဖေဖော်ဝါရီ ၂၂ ရက်တွင် နေရာချထားပေးခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် တိုက်သစ်သို့ပြောင်းရွှေ့ခြင်း မင်္ဂလာအခမ်းအနားပြုလုပ်သည်။

အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ နေပြည်တော်ကောင်စီဝင်များ၊ ဝန်ကြီးဌာနများ၊ ရွှေနေချုပ်ရုံး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးတို့မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်ပြီး ဝန်ထမ်းအိမ်ရာများ၌ နေထိုင်ရာတွင် အခက်အခဲများရှိပါက တင်ပြကြရန်နှင့် အိမ်ထောင်သည်လိုင်းစည်းကမ်းများနှင့်အညီ နေထိုင်ကြရန် မှာကြားသည်။**(ယာပုံ)**

ထို့နောက် ပြီးစီးသွားသည့် ဝန်ထမ်းအပျိုဆောင်များကို သွားရောက်စစ်ဆေးသည်။

ဆက်လက်၍ ဆောက်လုပ်ဆဲ ခြောက်ခန်းတွဲ လေးထပ် အမှုထမ်းအိမ်ရာ ၁၁ လုံးမှာလည်း ဖေဖော်ဝါရီလကုန်တွင် ပြီးစီးမည်ဖြစ်ပြီး မတ်လဆန်းမှ စတင်၍



အမှုထမ်းအိမ်ထောင်သည် ၂၆၄ ဦးအား ထပ်မံနေရာချထားပေးနိုင်မည်ဖြစ်ကြောင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်သည့် ဝန်ထမ်းအိမ်ရာများအားလုံး ပြီးစီးသွားပါက စုစုပေါင်း အပျို၊ လူပျို ဝန်ထမ်း ၁၄၄၀၊ အမှုထမ်းအိမ်ထောင်သည် ၅၀၄ ဦးတို့အား ဝန်ထမ်းအိမ်ရာများတွင် နေရာချထားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ဇော်မင်းအောင်)**

# တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာဆယ်မားအူးလ်အွန်ဒုန်သင်တန်းကျောင်း ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာဆယ်မားအူးလ်အွန်ဒုန်(Myanmar Saemaul Undong)သင်တန်းကျောင်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပရဝုဏ်အတွင်းရှိ သတ်မှတ်မြေနေရာ၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဦးမြင့်လှိုင်၊ ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA) ဥက္ကဋ္ဌ Mr. Kim Young Mok၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Baek Soon၊ KOICA ဌာနေကိုယ်စားလှယ် Mr. Nam Kwon Hyoung နှင့် KOICA မှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့၏ စီမံကိန်းဝင်ကျေးရွာများမှ ကျေးရွာသစ်ခေါင်းဆောင်များ၊ ဖိတ်ကြားထားသူများ စုံညီစွာတက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA) ဥက္ကဋ္ဌ Mr. Kim Young Mok က ဂုဏ်ပြုအမှာစကားပြောကြားပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Baek Soon က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာဆယ်မားအူးလ်အွန်ဒုန် (Myanmar Saemaul Undong) သင်တန်းကျောင်း ပန္နက်တင်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ KOICA ဥက္ကဋ္ဌနှင့် ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီးတို့က သတ်မှတ်နေရာများတွင် ပန္နက်ရိုက်ပေးကြသည်။

မြန်မာဆယ်မားအူးလ်အွန်ဒုန်(Myanmar Saemaul Undong) စီမံကိန်းကို နိုင်ငံတော်သမ္မတ၏ ၂၀၁၂ ခုနှစ် ကိုရီးယားသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်ကာလတွင် ဆွေးနွေးခဲ့သော ခရီးစဉ်၏ရလဒ်များနှင့် နိုင်ငံတော်သမ္မတ၏ ကျေးရွာသစ်စီမံကိန်း အတွေ့အကြုံများအပေါ် အလေးအနက် စိတ်ဝင်စားမှုအား ကိုရီးယားသမ္မတနိုင်ငံဘက်မှ အကူအညီများပေးရန်အတွက် ကတိကဝတ်ပြုကမ်းလှမ်းချက်အရ အကောင်အထည်ပေါ်လာခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံအကြား ခိုင်မြဲသည့်ချစ်ကြည်ရင်းနှီးမှုအပေါ် အခြေခံ၍ ယခုစီမံကိန်းကို အကောင်အထည်ဖော်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




# တိုင်းရင်းဆေးပညာ စုပေါင်းဆွေးနွေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းရင်းဆေးရုံကြီး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)တို့ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာ စုပေါင်းဆွေးနွေးပွဲကို ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ရန်ကုန်တိုင်းရင်းဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် သွေးချို၊ ဆီးချိုရောဂါနှင့် တိုင်းရင်းဆေးပညာခေါင်းစဉ်ဖြင့် စုပေါင်းဆွေးနွေးပွဲ ကျင်းပမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ တိုင်းရင်းဆေးဆရာများ တက်ရောက်နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

**❖ BRT Lite စနစ်မှ**

အဆိုပါယာဉ်လိုင်းကို စတင်ပြေးဆွဲစဉ်က လူသိနည်းနေသေးခြင်း၊ ငွေဖြည့်ကတ် နေရာတိုင်းတွင်မရရှိခြင်းတို့ကြောင့် စီးနင်းသူ နည်းပါးခဲ့သော်လည်း အခြားသော ဘတ်စ်ကားလိုင်းများနှင့် ကွဲပြားသော ဝန်ဆောင်မှုများ၊ ဘတ်စ်ကားပေါ်နှင့် ယာဉ်ရပ်မှတ်တိုင်တို့တွင် ငွေဖြည့်ကတ်ရောင်းချပေးခြင်းနှင့် ပညာပေးကာလ လိုက်လံသရုပ်ပြ ဆောင်ရွက်ပေးသူတစ်ဦးထားရှိကာ ဝန်ဆောင်မှုပေးခြင်းတို့ကြောင့် ယခုအခါ နေ့စဉ်စီးနင်းသူခရီးသည် နှစ်ထောင်ကျော်မျှရှိလာကြောင်း အဆိုပါယာဉ်လိုင်းမှ သိရသည်။

“စစချင်းပြေးဆွဲမှုကနေ တစ်ပတ်၊ နှစ်ပတ်အတွင်းမှာ ခရီးသည် တိုးတက်များပြားလာပါတယ်။ ခရီးသည် ၁၅၀၀ ကျော်ကနေ အခုဆို ၂၀၀၀ ကျော်သွားပါပြီ။ ဆက်လက်ပြီးလည်း ကားတွေတိုးချဲ့ပြီး လမ်းကြောင်း(၂)ကို ပြေးဆွဲမှာ ဖြစ်တဲ့အတွက် စီးနင်းသူတွေ များပြားလာမှာပါ။ ဒါက ကတ်စနစ်ဆောင်ရွက်တဲ့အတွက် ခရီးသည်ပမာဏကို အတိအကျ သိရှိနိုင်တာပါ။ အဓိကကတော့ အမြတ်ရနိုင်မှုကို ဦးစားပေး ပြေးဆွဲတာမျိုးမဟုတ်ဘဲ အများပြည်သူ ဝန်ဆောင်မှုကို ဦးတည်တာပါ။ ပြည်သူတွေရဲ့ကြိုက်နှစ်သက်မှုအပေါ် မူတည်ပြီး ကားတွေတိုးချဲ့ ပြေးဆွဲသွားဖို့လည်း ရှိပါတယ်။ အခက်အခဲတွေကတော့ အများကြီးရှိပါတယ်။ အခုမှ စတင်ပြေးဆွဲတာရယ်၊ နောက်ပြီး အမြန်ယာဉ်စနစ်ဆိုပေမယ့် လမ်းရဲ့ ယာဘက်အစွန်ဆုံး ယာဉ်လိုင်းမှာ တခြားယာဉ်တွေ သွားလာနေတာတွေ၊ ကားလမ်းပိတ်ဆို့မှုရှိတာတွေတော့ ဖြစ်နေပါတယ်။ ရန်ကုန်မြို့ရဲ့ ယာဉ်ကြောရှင်းလင်းရေးကို နည်းလမ်းတစ်ခုနဲ့ တစ်နေရာတည်းမှာ ဖြေရှင်းလို့မရဘဲ အခုလိုစနစ်ကျတဲ့ ဘတ်စ်ကားလိုင်းတွေ ပြေးဆွဲတာရယ်၊ မီးပွိုင့်စနစ်တွေ၊ ထိန်းချုပ်စနစ်တွေ ဆောင်ရွက်တာရယ်၊ နောက်ပြီး ဘက်ပေါင်းစုံက တစ်ပြိုင်နက် ဖြေရှင်းရမယ့်ဟာတွေကို အချိန်နဲ့တစ်ပြေးညီ ပြုလုပ်သွားနိုင်မှ အဆင်ပြေသွားမှာပါ”ဟု BRT Lite စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲ အကောင်အထည်ဖော်နေသည့် ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိပြေးဆွဲနေသော လမ်းကြောင်း(၁)သည် ထောက်ကြန့်လမ်းဆုံမှ ပြည်လမ်းအတိုင်း မောင်းနှင်ကာ (၈) မိုင်၊ လှည်းတန်း၊ မြေနီကုန်း၊ ပြည်လမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံမှတစ်ဆင့် အလံပြဘုရားလမ်း၊ ဗဟန်း (၃)လမ်း မှတ်တိုင်၊ ကုက္ကိုင်း၊ ချော်တွင်းကုန်း၊ ကမ္ဘာအေးဘုရားလမ်းအတိုင်း မောင်းနှင်ကာ (၈) မိုင် လမ်းဆုံမှတစ်ဆင့် ပြည်လမ်းပေါ်သို့ ပြန်လည်ချိတ်ဆက်၍ ထောက်ကြန့်လမ်းဆုံသို့ ပြန်လည်ပေါင်းဆုံမည့် ခရီးစဉ်ကို ယာဉ်အစီးရေ ၁၈ စီးဖြင့် ပြေးဆွဲလျက်ရှိပြီး ဆက်လက်၍ ယာဉ်အသစ် အစီး ၄၀ ထပ်မံရောက်ရှိလာမည်ဖြစ်ရာ လမ်းကြောင်း(၂) အဖြစ် ထောက်ကြန့်လမ်းဆုံမှ (၈)မိုင်အထိ၊ ယင်းမှ နဝဒေးရုပ်ရှင်ရုံ၊ ချော်တွင်းကုန်းမှတ်တိုင်မှ ကမ္ဘာအေး ဘုရားလမ်းအတိုင်း မောင်းနှင်၍ ရွှေဂုံတိုင်၊ ဗဟန်း (၃) လမ်းမှတ်တိုင်မှတစ်ဆင့် ဗိုလ်ချုပ်လမ်းနှင့် ဆူးလေဘုရားလမ်းဆုံ၊ ထိုမှတစ်ဆင့် ဗိုလ်တထောင်ဘုရားလမ်း၊ ကမ်းနားလမ်းအတိုင်း မောင်းနှင်ကာ ဘုန်းကြီးလမ်းမှတစ်ဆင့် ပြည်လမ်းမကြီးပေါ်သို့ ပြန်လည်ဆက်သွယ်ကာ ပြည်လမ်းအတိုင်း မြေနီကုန်း၊ လှည်းတန်း၊ (၈)မိုင်တို့ကို ဖြတ်သန်း၍ ထောက်ကြန့်လမ်းဆုံသို့ မောင်းနှင်မည့် ခရီးစဉ်ကို မကြာမီပြေးဆွဲသွားမည်ဟု သိရသည်။

ယင်းအပြင် လက်ရှိ BRT Lite စနစ် ဘတ်စ်ကားမှတ်တိုင်များကိုလည်း ထပ်မံတိုးချဲ့ပေးသွားရန်ရှိပြီး ငွေပေးချေကတ်များကိုလည်း နေရာအနှံ့ဝယ်ယူရရှိနိုင်အောင်လည်း ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

လက်ရှိ ရန်ကုန်မြို့တွင် မြို့တွင်းခရီးသည်တင်ဘတ်စ်ကား ပြေးဆွဲမှုမှာ စာရင်းရှိ အစီးရေ ခြောက်ထောင်ကျော်ရှိသော်လည်း နေ့စဉ်ထွက်ကားမှာ အစီးသုံးထောင်ခန့်သာရှိသည်ဟု သိရသည်။ နေ့စဉ် ဘတ်စ်ကားစီးခရီးသည်မှာလည်း လူဦးရေ သန်းချီရှိနေသည့်အတွက် ဘတ်စ်ကားအရေအတွက်နှင့် ခရီးသည်ပမာဏ မျှတမှုမရှိသည့်အပြင် ဝင်ငွေ ရရှိမှုအပိုင်းကိုဦးစားပေးရှာဖွေနေရသည့် အတွက် ဝန်ဆောင်မှုပိုင်းဆိုင်ရာ အားနည်းချက်များအပေါ် ခရီးသည်များက ဝေဖန်လျက်ရှိသည်။ ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေး စနစ်တွင် ဘတ်စ်ကားကို အမှီပြုသွားလာနေသူမှာ ၈၅ ရာခိုင်နှုန်းကျော်ရှိပြီး ရထားစီးနင်းသူရာခိုင်နှုန်းမှာ ပမာဏနည်းပါးလွန်းသောကြောင့် ဘတ်စ်ကားအခြေပြု သယ်ယူပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်ပြုပြင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**(ဝဝ၁)**

# အိုကီနာဝါကျွန်း၌ အမေရိကန်စစ်စခန်းသစ် အပြီးတည်ဆောက်မှု ၂၀၂၅ ခုနှစ်အထိ ရွှေ့ဆိုင်းဖွယ်ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းရှိ အမေရိကန်မရိန်းတပ်ဖွဲ့၏ အခြေစိုက်စခန်းအား ရွှေ့ပြောင်းနိုင်ရေးအတွက် အခြေစိုက်စခန်းသစ်တစ်ခု အပြီးတည်ဆောက်မှုကို ၂၀၂၅ ခုနှစ်အထိ ရွှေ့ဆိုင်းရမည်ဟု မျှော်လင့်ရကြောင်း အမေရိကန်ပစိဖိတ် စစ်ဌာနချုပ်မှ တပ်မှူးက ပြောကြားသည်။

ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်း၏ နယ်မြေအတွင်းမှာပင် ဖူတဲမ လေတပ်စခန်းနေရာရွှေ့ပြောင်းရေးကိစ္စနှင့်ပတ်သက်၍ ရေတပ်ဗိုလ်ချုပ် ဟယ်ရီဟဲရစ်က အမေရိကန်ကွန်ဂရက်လွှတ်တော်၌ ရှင်းလင်းတင်ပြရာတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဂျီရိုဝန်မြို့ရှိ အမေရိကန်စစ်စခန်းတည်ရာ နယ်မြေကို ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပေးအပ်ရန် ဂျပန်နှင့် အမေရိကန်အစိုးရအဖွဲ့များက ၂၀၁၃ ခုနှစ်တွင် သဘောတူညီခဲ့ကြသည်။

အမေရိကန် စစ်အခြေစိုက်စခန်းရွှေ့ပြောင်းရေးအပြီးဆောင်ရွက်ရမည့်အချိန်ဇယား သတ်မှတ်ချက်ကို နှစ်နှစ်ဆိုင်းငံ့ကာ ၂၀၂၅ ခုနှစ်သို့ပြင်ဆင်သတ်မှတ်ရဖွယ်ရှိကြောင်း ရေတပ်ဗိုလ်ချုပ်ဟဲရစ်က ပြောကြားသည်။

ဂျပန်အစိုးရသည် နာဂိုမြို့၌ လေယာဉ်ကွင်းတစ်ခု တည်ဆောက်ရန် စတင်ခဲ့ပြီးဖြစ်သော်လည်း ကန့်ကွက်ဆန္ဒပြမှုများကြောင့် တည်ဆောက်ရေးလုပ်ငန်းမှာ နှောင့်နှေးကြန့်ကြာနေခဲ့ရသည်။ **ကျိုဒို။**





# ဂျပန်နိုင်ငံတွင် ဇီကာဗိုင်းရပ်စ်ပိုးကူးစက်မှုတွေ့ရှိ

**ကျိုတို ဖေဖော်ဝါရီ ၂၅**

လွန်ခဲ့သောနှစ်အတွင်း လက်တင်အမေရိကနိုင်ငံများသို့ ဇီကာဗိုင်းရပ်(စ်)ပိုး ကူးစက်ခဲ့ပြီးနောက် ဂျပန်နိုင်ငံတွင် ဇီကာဗိုင်းရပ်(စ်)ပိုးကူးစက်မှု ပထမဆုံးအကြိမ်အဖြစ် စတင်တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ အတည်ပြုပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့အနီး ကာနာဂါဝါ စီရင်စုနေ ဂျပန်အမျိုးသားတစ်ဦးတွင် ဇီကာဗိုင်းရပ်(စ်)ပိုးကူးစက်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။ အဆိုပါအမျိုးသားသည် မကြာသေးမီက ဘရာဇီးနိုင်ငံမှ ပြန်လာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖေဖော်ဝါရီ ၁ ရက်တွင် ဇီကာဗိုင်းရပ်(စ်)ကူးစက်မှုအခြေအနေကို နိုင်ငံတကာ ကျန်းမာရေးအရေးပေါ် အခြေအနေတစ်ရပ်အဖြစ် ကြေညာခဲ့ပြီးနောက် ဂျပန်နိုင်ငံအနေဖြင့် ဗိုင်းရပ်(စ်)ပိုးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို နိုင်ငံအနှံ့အပြား လုပ်ဆောင်လျက်ရှိသည်။

၂၀၁၃ ခုနှစ် နှင့် ၂၀၁၄ ခုနှစ်တွင် ပြင်သစ်ပိုလီနီးရှားရှိ ဘော်ရာဘော်ရာကျွန်းနှင့် ထိုင်းနိုင်ငံတို့မှ ပြန်ရောက်လာသည့် ဂျပန်အမျိုးသားသုံးဦးတွင် ဇီကာဗိုင်းရပ်(စ်)ပိုး ကူးစက်မှုတွေ့ရှိခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

# တောင်တရုတ်ပင်လယ်ခြေကုပ်စခန်းတွင် တရုတ်နိုင်ငံက ရေဒါတပ်ဆင်ဖွယ်ရှိဟုဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

ပိုင်နက်အငြင်းပွားနေသော တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံက ပင်လယ်ရေကြောင်း ထိန်းချုပ်နိုင်မှုစွမ်းပကား မြှင့်တင်နိုင်ရန်ရည်ရွယ်လျက် ကြိမ်နှုန်းမြင့် ရေဒါစနစ်တစ်ခုကို တပ်ဆင်နိုင်ရန် လုပ်ဆောင်နေဖွယ်ရှိသည်ဟု ဂြိုဟ်တုဓာတ်ပုံများအရ သိရှိရကြောင်း အမေရိကန်မဟာဗျူဟာ လေ့လာရေးဌာနတစ်ခု၏ အစီရင်ခံစာကို ကိုးကား၍ ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ကျူးယာတီရွှန် ကျောက်တန်းဒေသ၌ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုမှာ ပြီးစီးလုနီးအနေအထားတွင် ရှိနေသည်ဟု ယူဆရကြောင်း၊ ၅၂ ဧက (စတုရန်းမီတာ ၂၁၀၅၀၀)ခန့် အကျယ်အဝန်းရှိ ကျွန်းတုတစ်ခုကို ဂြိုဟ်တုဓာတ်ပုံအထောက်အထားများတွင် တွေ့ရှိရကြောင်း အမေရိကန်ပြည်ထောင်စု မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနရှိ အာရှပင်လယ်ရေကြောင်းဆိုင်ရာ ပွင့်လင်းမြင်သာရေးအစီအစဉ်က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

အဆောက်အအုံ၏ မြောက်ဘက်ခြမ်း၌ ရေဒါထားရှိမည့် မျှော်စင်နှစ်ခုဟုယူဆရသော အခန်းနှစ်ခုကို တည်ဆောက်ထားပြီး ၆၅ ပေ(မီတာ ၂၀)အမြင့်ရှိ တိုင်အများအပြားကိုလည်း တောင်ဘက်ခြမ်း၌ စိုက်ထူထားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါတိုင်များသည် ကြိမ်နှုန်းမြင့် ရေဒါစခန်းတစ်ခုအတွက် စိုက်ထူထားခြင်းဖြစ်သည်ဟု ယူဆရကြောင်း အစီရင်ခံစာတွင် ရေးသားထားသည်။

အစီရင်ခံစာပါ ဖော်ပြချက်များနှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့က ချက်ချင်းဝေဖန်ပြောကြားခြင်းမရှိပေ။ **ရိုက်တာ။**

# ဂျပန်၌ သက်ကြီးရွယ်အိုမိသားစုများအတွက် မောင်းသူမဲ့လေယာဉ်ဖြင့် ပါဆယ်ထုပ်ဖြန့်ဝေမှုစမ်းသပ်

**တိုကူရှီးမား ဖေဖော်ဝါရီ ၂၅**

လူဦးရေကျဲပါးသော ဒေသများတွင် နေထိုင်ကြရသည့် သက်ကြီးရွယ်အိုမိသားစုနေအိမ်များသို့ မောင်းသူမဲ့လေယာဉ်ဖြင့် အစားအစာ ပါဆယ်ထုပ်များအား ဖြန့်ဝေပေးမည့် အစီအစဉ်ကို ဂျပန်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၄ ရက်တွင် တိုကူရှီးမားပြည်နယ်၌ စမ်းသပ်မှုပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

မောင်းသူမဲ့လေယာဉ်ဖြင့် ပါဆယ်ထုပ်များ ဖြန့်ဝေပေးမည့်အစီအစဉ်၏ ဦးတည်ချက်မှာ ပြင်ပသို့ ဈေးဝယ်ထွက်ရန် အခက်အခဲရှိသည့် သက်ကြီးရွယ်အိုများအတွက် ဝန်ဆောင်မှုပေးရန်ဖြစ်ပြီး ယင်းအစီအစဉ်ကို ဂျပန်ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် တိုကျိုအခြေစိုက် မီကာဝါယာ-၂၁ အမည်ရှိ ကုမ္ပဏီတို့က ပူးတွဲဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါကုမ္ပဏီသည် မောင်းသူမဲ့လေယာဉ်အသုံးပြု၍ ပါဆယ်ထုပ်ပို့ဆောင်ရေးလုပ်ငန်းကို စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် လုပ်ကိုင်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၄ ရက်က မောင်းသူမဲ့လေယာဉ်ဖြင့် ပါဆယ်ထုပ်စမ်းသပ်သယ်ဆောင်မှုတွင် ပေါင်မုန့်နှင့် နို့ကဲ့သို့သောစားသောက်ကုန်များ ပါဝင်သည်။ မောင်းသူမဲ့လေယာဉ်ကို မီတာ ၅၀၀ အကွာအဝေးရှိသော ဒေသသို့ အသီးအနှံစိုက်ခင်းများအထက် အမြင့်မီတာ ၅၀ ခန့်မှ ပျံသန်းစေသည်။ အပြန်ခရီးစဉ်တွင် မောင်းသူမဲ့လေယာဉ်ပေါ်၌ ဥအမျိုးမျိုးနှင့် ကိရိယာများသယ်ဆောင်ထားကာ မောင်းသူမဲ့လေယာဉ် အတက်၊ အဆင်းပြုလုပ်ရာတွင် ထိခိုက်နိုင်မှုရှိ၊ မရှိ စမ်းသပ်လေ့လာခဲ့သည်။

ထရပ်ကားယာဉ်မောင်းရှားပါးနေသည့်ပြဿနာ၊ သယ်ယူပို့ဆောင်စရိတ်ကြီးလေးသည့် ပြဿနာ၊ လူနေကျဲပါးသည့်အရပ်ဒေသများ၌ ဒေသခံ သက်ကြီး ရွယ်အိုတို့ ဈေးဝယ်ထွက်ရန် အခက်အခဲရှိနေသည့်ပြဿနာတို့ကို ဖြေရှင်းနိုင်ရန် မောင်းသူမဲ့လေယာဉ်ဖြင့် ပါဆယ်ပို့ဆောင်သည့်လုပ်ငန်းကို လုပ်ဆောင်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကျိုဒို။**






# လာမည့်ဆယ်နှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ် ကန်ဒေါ်လာ ၂၁ ဘီလီယံနီးပါး ဩစတြေးလျနိုင်ငံ တိုးမြှင့်မည်

**ဆစ်ဒနီ ဖေဖော်ဝါရီ ၂၅**

ဩစတြေးလျနိုင်ငံက လာမည့်ဆယ်နှစ်တာကာလအတွင်း ယင်း၏ကာကွယ်ရေးအသုံးစရိတ်ကို ဩစတြေးလျဒေါ်လာ ဘီလီယံ ၃၀(အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံခန့်)နီးပါးထိ တိုးမြှင့်တော့မည်ဖြစ်သည်။ အဆိုပါလုပ်ဆောင်ချက်မှာ တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်းချဲ့ထွင်မှုကဲ့သို့သော ဒေသတွင်းလုံခြုံရေးဆိုင်ရာ ပြောင်းလဲလာသော သဘာဝကို တုံ့ပြန်မှုဖြစ်ကြောင်းသိရသည်။

ဩစတြေးလျဝန်ကြီးချုပ် မယ်လ်ကွမ်တန်ဘူးလ်က ဩစတြေးလျနိုင်ငံ၏ ၂၀၁၆ ခုနှစ် ကာကွယ်ရေးဆိုင်ရာ စက္ကူဖြူကို ဖေဖော်ဝါရီ ၂၅ ရက်က ကြေညာလိုက်သည်။ ဩစတြေးလျနိုင်ငံ၏ ကြွယ်ဝချမ်းသာမှုမှာ အင်ဒို-ပစိဖိတ်ဒေသ၏ တည်ငြိမ်မှုအပေါ် မူတည်ကြောင်း၊ တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံက အထူးအလေးပေးပြီး ကျွန်းတုများတည်ဆောက်နေမှုအပေါ် ဩစတြေးလျနိုင်ငံအနေဖြင့် စိုးရိမ်ကြောင်း၊ စစ်ရေးရည်ရွယ်ချက်များဖြင့် ယင်းကျွန်းတုများအသုံးပြုမှုကို ဩစတြေးလျနိုင်ငံက ဆန့်ကျင်ကြောင်း အဆိုပါစက္ကူဖြူကဆိုသည်။ အမေရိကန်တပ်ဖွဲ့များလုပ်ဆောင်ခဲ့သော လွတ်လပ်စွာပင်လယ်ရေကြောင်းမောင်းနှင်မှုစစ်ဆင်ရေးများပြုလုပ်ရာ ကျွန်းတုများအနီးရှိ ရေပိုင်နက်အတွင်းသို့ စစ်သင်္ဘောများစေလွှတ်ရန် အစီအစဉ်ရှိ၊ မရှိမေးမြန်းရာ တန်ဘူးလ်က မှတ်ချက်ပေးရန် ငြင်းဆန်ခဲ့သည်။

ဩစတြေးလျနိုင်ငံက အနာဂတ်ကာလတွင် မည်သည့်စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးများပြုလုပ်မည်ဆိုသည်ကို ထုတ်ဖော်ဖွင့်ဟရန်ရည်ရွယ်ချက်မရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဩစတြေးလျနိုင်ငံ၏ ကာကွယ်ရေးစွမ်းပကားအရှိန်မြှင့်တင်မှုတွင် လက်ရှိရေငုပ်သင်္ဘောအရေအတွက် ခြောက်စင်းမှ ၁၂ စင်းထိတိုးမြှင့်မည့်အစီအစဉ်တစ်ခုလည်းပါဝင်ပြီး ပထမဆုံးသော ရေငုပ်သင်္ဘောသစ်မှာ ၂၀၃၀ ပြည့်နှစ်များတွင် ရေချမည်ဖြစ်သည်။ ဩစတြေးလျနိုင်ငံနှင့် ရေငုပ်သင်္ဘောသစ်များ ပူးတွဲထုတ်လုပ်ရန် ကန်ထရိုက်စာချုပ်တစ်ရပ်အတွက် ဂျပန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့ ယှဉ်ပြိုင်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ။**

# ရပ်ဆိုင်းခဲ့သော ဒဂုန်စီးတီးစီမံကိန်းမှ အစိတ်အပိုင်းအချို့အား မြေကွက်အစားထိုးပေးပြီး စီမံကိန်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန် ခွင့်ပြုပေးခဲ့ခြင်းနှင့် ရန်ကုန်ဆေးရုံကြီးအနီးရှိ မြေနေရာအား ကျန်းမာရေးဝန်ကြီးဌာနမှ ပုဂ္ဂလိကကဏ္ဍသို့ ငှားရမ်းပေးခဲ့သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးအား တွေ့ဆုံမေးမြန်း

တွေ့ဆုံမေးမြန်း-ဝင်းဝင်းမော်၊မြတ်စန္ဒီသင်းဇော်
ဓာတ်ပုံ-ငွေးအောင်(ကြေးမုံ)

ရန်ကုန် ဖေဖော်ဝါရီ ၂၅

**ရန်ကုန်မြို့ရွှေတိဂုံစေတီတော်မြတ်ကြီးတည်ရှိရာ သိင်္ဂုတ္တရကုန်းတော် ရေရှည်တည်တံ့ရေးအတွက် ရပ်ဆိုင်းခဲ့သော ဒဂုန်စီးတီးစီမံကိန်းမှ အစိတ်အပိုင်းအချို့အား ကမ္ဘာအေးဘုရားလမ်းရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပိုင်မြေကွက်၌ အစားထိုးပေးပြီး စီမံကိန်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။**

**ထို့အပြင် ရန်ကုန်မြို့တော်တွင် တိုးတက်များပြားလာသော လူဦးရေအပေါ် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်နှင့် ထိုသို့စောင့်ရှောက်မှုပေးရာတွင် ခေတ်မီအစွမ်းထက်သော နည်းပညာအဆင့်အတန်းမြင့်ဆေးရုံကြီးများ ပေါ်ထွန်းလာစေရေးအတွက် ရန်ကုန်ဆေးရုံကြီးအနီးရှိ မြေနေရာအား ကျန်းမာရေးဝန်ကြီးဌာနမှ ပုဂ္ဂလိကကဏ္ဍသို့ ငှားရမ်းပေးခဲ့သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးအား မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-**

**မေး။ ။နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး ဘယ်လို စိစစ်ဆောင်ရွက်မှုတွေ လုပ်ကိုင်ဆောင်ရွက်နေတယ်ဆိုတာ ဖြေကြားစေလိုပါတယ်။**

ဖြေ။ ။MIC ရဲ့ လုပ်ထုံးလုပ်နည်းအတိုင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြည့်စုံတဲ့အဆိုပြုလွှာကို တင်ပြလာရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၀/ခ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ၁၈/ဂ အရ ရက်ပေါင်း ၉၀ အတွင်း လိုအပ်တဲ့စိစစ်မှုတွေပြုလုပ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးရပါတယ်။

**မေး။ ။ဒဂုန်စီးတီးစီမံကိန်းနဲ့ ပတ်သက်လို့ စိစစ်ဆောင်ရွက်ခဲ့မှု၊ စီမံကိန်းရပ်ဆိုင်းခဲ့မှု၊ အစားထိုးမြေနေရာချထားပေးမှုတွေကို သိချင်ပါတယ်။**

ဖြေ။ ။ ဒဂုန်စီးတီးစီမံကိန်းနဲ့ပတ်သက်ပြီး Marga Land Mart က ပြန်လည်တင်ပြထားတဲ့ အဆိုပြုလွှာကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလဆန်းမှာ တင်ပြခဲ့ပြီး ဖေဖော်ဝါရီ ၁၆ ရက်မှာ တစ်လခွဲအချိန်ယူစိစစ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပါတယ်။

ခွင့်ပြုမိန့်ထုတ်ပေးတာနဲ့ပတ်သက်ပြီး ဒဂုန်စီးတီးပရောဂျက်က ကုမ္ပဏီ လေးခုလုပ်တဲ့ စီမံကိန်းဖြစ်တယ်။ အရင်ကာကွယ်ရေးဝန်ကြီးဌာန အမှတ်(၁)မော်တော်ယာဉ်တပ်ရင်းရယ်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်နေရာဟောင်းတွေမှာ ကာကွယ်ရေးဝန်ကြီးဌာနက အသုံးမလိုလို့ ပိုနေတဲ့မြေနေရာတွေကို ရန်ကုန်မြို့ပြရဲ့ စည်ပင်သာယာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေမှာ အထောက်အကူပြုဖို့ ကာကွယ်ရေးဝန်ကြီးဌာနက ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို တင်ဒါခေါ်ယူပြီး ချထားပေးခဲ့တာဖြစ်ပါတယ်။

ချထားပေးပြီးမှ လုပ်ထုံးလုပ်နည်းနဲ့အညီ အဆိုပြုလွှာကို ကာကွယ်ရေးဝန်ကြီးဌာနက တစ်ဆင့် MIC ကို တင်ပြခဲ့ရာမှာ MIC က လိုအပ်တဲ့ စစ်ဆေးမှုတွေ ပြုလုပ်ပြီး ၂၀၁၃ ခုနှစ် ဩဂုတ်လထဲမှာ ကုမ္ပဏီနှစ်ခုကို စပြီး ခွင့်ပြုမိန့်ထုတ်ပေးတယ်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလနဲ့ မတ်လထဲမှာ ကျန်ကုမ္ပဏီနှစ်ခု စုစုပေါင်း ကုမ္ပဏီလေးခုကို ခွင့်ပြုမိန့်ထုတ်ပေးခဲ့တယ်။ ဒီလိုထုတ်ပေးခဲ့ပြီး လုပ်ငန်းတွေစနေတဲ့အချိန်မှာ တချို့သော ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေက ဒီတည်ဆောက်ရေးလုပ်ငန်းတွေကြောင့် ရွှေတိဂုံဘုရားမှာရှိတဲ့ အခြားသာသနိကအဆောက်အအုံတွေ ထိခိုက်စေနိုင်တယ်ဆိုတဲ့ စိုးရိမ်ပူပန်မှုတွေကို သမ္မတကြီးထံ စာရေးသတင်းပို့တာကြောင့် သမ္မတကြီးအနေနဲ့ အများပြည်သူရဲ့ဆန္ဒနဲ့အညီ ရွှေတိဂုံဘုရားကြီးရဲ့ သာသနိကအဆောက်အအုံတွေ မထိခိုက်စေလိုတာကြောင့် ပြန်လည်သုံးသပ်ပြီး ၂၀၁၅ ခုနှစ် ဇူလိုင် ၇ ရက်မှာ ဒီစီမံကိန်းကို ရပ်တန့်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်တွေထုတ်ပြန်ပြီး ရပ်တန့်ခဲ့တာဖြစ်ပါတယ်။

**မေး။ ။အခုလို စီမံကိန်းကို ရပ်တန့်လိုက်တဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေ အခက်အခဲ ဖြစ်ပေါ်တာနဲ့ ပတ်သက်ပြီး ဘယ်လိုမနစ်နာအောင် ဆောင်ရွက်ပေးခဲ့သလဲဆိုတာ ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ဒီအထဲမှာ ရင်းနှီးမြှုပ်နှံမှုတွေတော်တော်များများ စထားတာကြောင့် သူတို့မှာ အခက်အခဲတွေပေါ်လာတယ်။ နိုင်ငံတော်အစိုးရကလည်း ရပ်တန့်တဲ့အကြောင်း အမိန့်ထုတ်ပြန်ကြေညာချက်မှာ ထည့်သွင်းဖော်ပြထားတာက စီမံကိန်းတွေ ရပ်ဆိုင်းလိုက်ခြင်းကြောင့်ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်တွေ မနစ်နာအောင် နိုင်ငံတော်အနေနဲ့ လိုအပ်တဲ့ဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်ပေးမယ်ဆိုပြီး ကြေညာခဲ့ပါတယ်။ ဒါကလည်း အရေးကြီးပါတယ်။

တိုင်းပြည်က ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်နေတဲ့အချိန်မှာ ဒီလိုလုပ်ငန်းကြီးခွင့်ပြုပြီးမှ ရပ်တန့်လိုက်တာကြောင့် တိုင်းပြည်ရဲ့ ရင်းနှီးမြှုပ်နှံမှုပုံရိပ်ကို မထိခိုက်အောင် တကယ့်ရင်းနှီးမြှုပ်နှံသူတွေ နစ်နာမှုရှိလာတဲ့အခါ နောက်ဆက်တွဲဖြစ်စဉ်တွေ ရှိလာနိုင်တယ်။

ဒါတွေလည်း မဖြစ်အောင် ကော်မရှင်အနေနဲ့ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းကကာကွယ်ရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေ၊ ရင်းနှီးမြှုပ်နှံသူတွေ၊ ဥပဒေကြောင်းအရ အကြံပေးနိုင်တဲ့ ရှေ့နေချုပ်ရုံးက တာဝန်ရှိသူတွေကို ဖိတ်ကြားကာ အစည်းအဝေးတစ်ရပ်ထိုင်ပြီး “နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ဒီစီမံကိန်းကို ရပ်လိုက်တယ်။ ဆက်လုပ်ဖို့ မဖြစ်နိုင်တာကြောင့် မနစ်နာအောင် စဉ်းစားဆောင်ရွက်ပေးမယ်ဆိုပြီး” ညှိနှိုင်းခဲ့ပါတယ်။

ဒီအစည်းအဝေးမှာတွေ့တာက လုပ်ငန်းရှင်တော်တော်များများက သူတို့ရဲ့အဆောက်အအုံနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာမယ့် ရုံးခန်း၊ ဆိုင်ခန်းတွေကို တချို့မြန်မာနိုင်ငံသား တော်တော်များများက ဝယ်ပြီးနေပြီ။

စီမံကိန်းရပ်လိုက်ရင် လုပ်ငန်းရှင်တွေပဲ နစ်နာမှာမဟုတ်ဘဲ ကြိုဝယ်ထားတဲ့ နိုင်ငံသားတွေလည်း နစ်နာမှုတွေ ရှိလာနိုင်တာ တွေ့ရတယ်။ ဒါကို ချင့်ချိန်ပြီးတဲ့အခါ သူတို့မနစ်နာအောင် နိုင်ငံတော်အစိုးရကလည်း သင့်တော်တဲ့မြေနေရာမှာ မြေအစား ပြန်ရှာပေးပါဆိုပြီး မေတ္တာရပ်ခံခဲ့တာကြောင့် နေရာပြန်ချပေးနိုင်ဖို့ MIC ဥက္ကဋ္ဌ ဦးဆောင်ပြီး ရန်ကုန်မှာ မြေလွတ်၊ မြေရိုင်း ရှိသလား။ ဒီမြေလွတ်၊ မြေရိုင်းတွေက နိုင်ငံတော်က ဆက်လုပ်မယ့် စီမံကိန်းတွေနဲ့လွတ်ရဲ့လား။ သက်ဆိုင်ရာ မြေပိုင်ရှင်ဝန်ကြီးဌာနကရော ပေးနိုင်ရဲ့လား စသဖြင့် အချိန်ယူ စိစစ်ခဲ့သလို တစ်ဖက်လုပ်ငန်းရှင်တွေ အဆိုပြုတဲ့ နေရာတွေလည်းရှိတယ်။ ဒါတွေကို ပေးနိုင်၊ မပေးနိုင် စိစစ်ပြီးတော့ ခွင့်ပြုပေးတာဖြစ်ပါတယ်။

အစိုးရအနေနဲ့ အများပြည်သူရဲ့လိုလားချက်ကို လိုက်နာသောအားဖြင့် စီမံကိန်းတွေကို ရပ်နားလိုက်တယ်။ ဖြစ်နိုင်မယ့် နောက်ဆက်တွဲတွေကို ပြီးပြတ်အောင် ရှင်းနိုင်ဖို့ အဆင့်ဆင့် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူ ကုမ္ပဏီလေးခု ဖြစ်တဲ့ Adventure Myanmar/ Marga Land Mart ၊ ရွှေတောင်အုပ်စု၊ သုခရတနာ တို့ကို မြေနေရာ ပြန်ပေးဖို့ လျာထားခဲ့ပါတယ်။

လောလောဆယ် အစောဆုံး အဆိုပြုလွှာတင်တဲ့ Marga Land Mart ကို ကမ္ဘာအေးဘုရားလမ်းနဲ့ သစ္စာလမ်းထောင့်မှာရှိတဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြေနေရာကို စိစစ်ပြီး ခွင့်ပြုခဲ့ပါတယ်။



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦး။

ကျန်တဲ့ကုမ္ပဏီသုံးခုကတော့ MIC ကို အဆိုပြုလွှာတင်ထားဆဲဖြစ်တယ်။ စိစစ်ဆဲ ခွင့်ပြုနိုင်တဲ့အဆင့် မရောက်သေးပါဘူး။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရဲ့ မြေဧက ၃၃ ဧက ကျော်ရှိတဲ့အထဲမှ ၁၇ ဒသမ ၇ ဧကကျော်ကျော်ကို ပြန်ပေးတယ်။ မြေပေးရုံသက်သက် မဟုတ်ဘူး။ ဝန်ကြီးဌာနရဲ့ အဆောက်အအုံတွေ ရွှေ့ပေးလိုက်ရတာကြောင့် စတုရန်းမီတာ နှစ်သောင်းရှိတဲ့ အဆောက်အအုံကို စရိတ်ငြိမ်း ပြန်ဆောက်ပေးရမယ်။ လိုအပ်တဲ့ ဓာတ်ခွဲခန်းသုတေသနစင်တာတွေ ထည့်ပေးရမယ်။ ဒါတွေကို လုပ်ငန်းရှင်ဘက်က သဘောတူပြီးမှ ပေးလိုက်တာ ဖြစ်ပါတယ်။

ဝန်ကြီးဌာနအနေနဲ့ သူတို့ပေးနိုင်တဲ့ ပမာဏကို ဖဲ့ပြီးပေးတာဖြစ်တယ်။ ဒီလိုပေးပြီးတဲ့နောက်ပိုင်း ရန်ကုန်မြို့ပြရဲ့ စီမံကိန်းမှာ လိုက်လျောညီထွေမှု ဖြစ်၊ မဖြစ် တိုင်းဒေသကြီးအစိုးရနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို သဘောထားတွေ တောင်းခံပြီး မြို့ပြစီမံကိန်းနဲ့ ဖွံ့ဖြိုးမှုစီမံကိန်း ကိုက်ညီတယ်။ ဆောက်မယ့် အဆောက်အအုံနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ပညာရပ်ပိုင်းဆိုင်ရာ ဆန်းစစ်မှုတွေပြုလုပ်ပြီး လုပ်ပေးတာဖြစ်တယ်။

ခြုံပြီးပြောရရင် ဒီပရောဂျက်ရပ်ဆိုင်းခဲ့တာ ၂၀၁၅ ခုနှစ် ဇူလိုင် ၇ ရက်ဖြစ်ပြီး ခွင့်ပြုမိန့် ထုတ်ပေးတာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်ဖြစ်တာကြောင့် ခုနစ်လကျော်ကျော် အချိန်ယူဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ စီမံကိန်းနဲ့ ပတ်သက်ပြီး နိုင်ငံတော်ရဲ့စဉ်းစားချက်က လုပ်ငန်းရှင် မနစ်နာအောင်၊ ဝယ်ယူထားတဲ့ နိုင်ငံသား မနစ်နာအောင်၊ မလိုလားအပ်တဲ့ နောက်ဆက်တွဲဖြစ်ရပ်တွေ မဖြစ်အောင် စဉ်းစားစီမံဆောင်ရွက်ခဲ့တာဖြစ်တယ်။

**မေး။ ။ဗိုလ်ချုပ်လမ်းထောင့်နဲ့ ဘုန်းကြီးလမ်းထောင့်မှာရှိတဲ့မြေနေရာကို နိုင်ငံတကာအဆင့်မီဆေးရုံ တည်ဆောက်ဖို့ ခွင့်ပြုပေးတာနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ခဲ့သလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ဒီလုပ်ငန်းက စင်ကာပူနိုင်ငံမှာ အခြေစိုက်တဲ့ ပတ်ခ်ဝေးဆေးရုံအုပ်စုနဲ့ မြန်မာနိုင်ငံသားတွေ ပေါင်းပြီး ဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်တယ်။ မြေဧက ၄ ဒသမ ၄ ဧကရှိပြီး နိုင်ငံခြားသားက ၆၇ ဒသမ ၅ ရာခိုင်နှုန်း၊ မြန်မာက ၃၂ ဒသမ ၅ ရာခိုင်နှုန်း ထည့်ဝင်ဖက်စပ်ထူထောင်ပြီး MIC ကို ရင်းနှီးမြှုပ်နှံမှုအတွက် အဆိုပြုတင်ပြခြင်း ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်လောက်မှာ တင်ခဲ့တာဖြစ်ပါတယ်။ MIC က စတင်စိစစ်မှု လုပ်ခဲ့တာက ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂ ရက်မှာစပြီးတော့ အကြံပြုချက်ကို စတင်ပြီးစိစစ်ခဲ့တယ်။

အကြံပြုလွှာတင်ဒါကတော့ ကျန်းမာရေးဝန်ကြီးဌာနကတစ်ဆင့် တင်ပြခဲ့တာဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းအရ အကြံပြုချက်တစ်ခုကို လက်ခံရရှိပြီဆိုရင် လိုအပ်တဲ့ စိစစ်မှုတွေ ဆောင်ရွက်ရပါတယ်။ ဥပဒေအရ ကန့်သတ် သတ်မှတ်ထားတဲ့ အချက်တွေ ပြည့်စုံခြင်းရှိမရှိ၊ နောက်တစ်ခုက သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထား၊ နောက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရဲ့ သဘောတူညီမှု၊ နောက် ဆောက်လုပ်မယ့် အဆောက်အအုံနဲ့ပတ်သက်ပြီး အင်ဂျင်နီယာပိုင်းဆိုင်ရာဆန်းစစ်မှုကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ဆန်းစစ်တယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနဲ့စပ်လျဉ်းပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနကလည်း လိုအပ်တဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ချက်တွေလုပ်ပြီးတော့ အားလုံးပြည့်စုံတဲ့အခါ MIC ကိုတင်ပြရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလထဲမှာပဲ ခွင့်ပြုမိန့်ထုတ်ပေးလိုက်ပါတယ်။ ဒါကတော့ စိစစ်ချက်နဲ့ဆောင်ရွက်ချက်အနေအထားဖြစ်တယ်။

နောက်တစ်ချက်ပိုပြီးပြည့်စုံအောင် တင်ပြချင်တာကတော့ အခုဆောက်လုပ်မယ့်နေရာမှာ ခွင့်ပြုမိန့်ထုတ်ပေးပြီးနောက်ပိုင်း မီဒီယာတချို့က ရေးသားဖော်ပြထားတာတွေ့ရတယ်။

ဒီမှာ အယူအဆလွဲနိုင်တာတစ်ခုက ဒီဆေးရုံဆောက်မယ့်မြေကို နိုင်ငံခြားဖက်စပ်ကုမ္ပဏီကို အပြီးပေးလိုက်ခြင်း မဟုတ်ပါဘူး။ နှစ် ၅၀ ငှားရမ်းခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ မြေအသုံးချခွင့်အတွက် တစ်ဧကကို သူတို့ထံက အမေရိကန် ဒေါ်လာ နှစ်သန်းနှုန်း သွင်းရတဲ့အတွက် စုစုပေါင်း ၄ ဒသမ ၄ ဧက ဆိုတဲ့အတွက် ရှစ်သန်းကျော် သွင်းရပါတယ်။

နောက် နှစ်စဉ်လည်း နိုင်ငံတော်က ငှားရမ်းခတွေရတယ်။ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၅၄၀၀၀၀ လောက်အဆောက်အအုံရဲ့ ကြမ်းခင်းဧရိယာကို မူတည်ပြီးတော့ တစ်စတုရန်း မီတာကို ၁၈ ဒေါ်လာနှုန်းနဲ့ တွက်ယူတာဖြစ်ပါတယ်။ အကယ်၍ ဒီအဆောက်အအုံကို ထပ်ပြီး ချဲ့ခဲ့မယ်ဆိုရင်လည်း ထပ်ပြီးရမှာဖြစ်ပါတယ်။

နှစ် ၅၀ ပြည့်သွားရင် နိုင်ငံတော်လက်ထဲကို အဆောက်အအုံ ပြန်ရောက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် အပြီးပေးလိုက်တာမဟုတ်ပါဘူး။ ဒါကို အယူအဆလွဲမှာစိုးလို့ ရှင်းပြခြင်း ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ဘက်စုံထောင့်စုံကနေ စဉ်းစားတဲ့အခါ အဓိကအားဖြင့် တိုင်းပြည်မှာ ကျန်းမာရေးကဏ္ဍနဲ့ပတ်သက်ပြီး မြှင့်တင်တဲ့အခါ နိုင်ငံတကာအဆင့်မီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ရောက်ရှိလာဖို့ လိုအပ်တယ်။ ကျန်းမာရေးကဏ္ဍကို အဆင့်မြှင့်ဖို့ MIC ကို အစိုးရက လမ်းညွှန်ထားတယ်။ ဒါကြောင့် MIC အနေနဲ့ ဒါကိုအကြံပြုချက်တွေ တောက်လျှောက် ဆောင်ရွက်နေတာပါ။

ဥပမာအားဖြင့် ပန်းလှိုင်ဆေးရုံဆိုရင် အင်ဒိုနီးရှားနိုင်ငံက ၄၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံက ၆၀ ရာခိုင်နှုန်း ဆေးရုံဆောက်ခွင့်ပြုခဲ့တယ်။ နောက် ထိုင်းနိုင်ငံနဲ့ပူးပေါင်းပြီး နိုင်ငံခြားက ၈၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံက ၂၀ ရာခိုင်နှုန်း ဆေးခန်းတစ်ခုဖွင့်ဖို့ ဆက်ပြီးခွင့်ပြုခဲ့ပါတယ်။

ဆက်ပြီးတော့လည်း ကျန်းမာရေးကဏ္ဍမှာ နိုင်ငံတကာအဆင့်မီ ကဏ္ဍဖြစ်အောင် စိစစ်ခွင့်ပြုသွားဖို့ရှိပါတယ်။ အဓိကကတော့ နိုင်ငံအတွင်းမှာ နိုင်ငံတကာအဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေရောက်ရှိလာဖို့ပါ။

ဒုတိယအချက်ကတော့ တိုင်းပြည်က နိုင်ငံသားတော်တော်များများက ဆေးဝါးကုသခံယူဖို့၊ ဆေးစစ်ဖို့၊ ကျန်းမာရေးစစ်ဆေးဖို့တွေကိုပြုလုပ်ဖို့ ပြည်ပကိုသွားနေတဲ့ အရေအတွက်က တစ်နှစ်ထက်တစ်နှစ် များလာတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ဒီမှာ အယူအဆလွဲနိုင်တာတစ်ခုက ဒီဆေးရုံဆောက်မယ့်မြေကို နိုင်ငံခြားဖက်စပ်ကုမ္ပဏီကို အပြီးပေးလိုက်ခြင်း မဟုတ်ပါဘူး။ နှစ် ၅၀ ငှားရမ်းခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ မြေအသုံးချခွင့်အတွက် တစ်ဧကကို သူတို့ထံက အမေရိကန်ဒေါ်လာ နှစ်သန်းနှုန်း သွင်းရတဲ့အတွက် စုစုပေါင်း ၄ ဒသမ ၄ ဧကဆိုတဲ့အတွက် ရှစ်သန်းကျော်သွင်းရပါတယ်။

# ပြောစမှတ်ဈေးနှုန်း၊ ယုံကြည်စရာမဲ့ ဈေးကွက်၊ မျှော်လင့်ချက်မဲ့ လူတန်းစား

စောနိုင်(အသုံးချဘောဂဗေဒ)

ရွက်စိမ်းဟုခေါ်သော ဒေါ်လာသည် နိုင်ငံတကာတွင် အသုံးတည့်နေဆဲငွေမာ။ ထိုငွေမာ ဒေါ်လာကြောင့် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုနယ်ပယ်များ၊ ကုန်သွယ်ရေးနယ်ပယ်များ၊ ထိုနယ်ပယ်များနှင့် တိုက်ရိုက်မပတ်သက်သော နယ်ပယ်အတော်များများတွင် အခက်အခဲမျိုးစုံဖြင့် ယနေ့တိုင် ကြုံတွေ့နေရဆဲဖြစ်သည်။ အဘယ်ကြောင့်ဖြစ်နေရသနည်းဟု မေးခဲ့သည်ရှိသော် ပြည်တွင်းသုံး ကျပ်ငွေနှင့် ဒေါ်လာတို့ လဲလှယ်ရောင်းဝယ်သည့် ဈေးကွက်ယန္တရားသည် ဈေးကွက်သဘာဝမကျသည့် အခြေအနေများ၊ ဈေးကွက်လည်ပတ်မှုကို အထောက်အကူမပြုသည့် အခြေအနေများဖြင့် ရင်ဆိုင်နေရသောကြောင့်ဖြစ်သည်။

ကျပ်-ဒေါ်လာလဲလှယ်ရာတွင် ပုံသေလဲလှယ်နှုန်းစနစ်ကို နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့ရာ၌ ဈေးကွက်ပေါက်ဈေးနှင့် အဆပေါင်းများစွာ ကွာဟလျက် နည်းပါးလွန်းသော တစ်ဒေါ်လာလျှင် မြန်မာ ကျပ်ငွေ ၆ ကျပ်ဝန်းကျင်ဖြင့် အလုပ်လုပ်ခဲ့ကြရ၏။ လက်တွေ့ အခြေအနေနှင့် ကင်းကွာစွာလည်ပတ်ခဲ့ရသည့် အခြေအနေဖြစ်ခဲ့သည်။ ထိုသို့ငွေလဲနှုန်းစနစ်ကို အဆက်ဆက်သော အစိုးရတို့ ထိန်းချုပ်ထားပြီး ငွေကြေးအာဏာပိုင်တို့က မဆိုစလောက် အနည်းငယ်သော အပြောင်းအလဲဖြင့် ပုံသေသဘော သတ်မှတ်ကျင့်သုံးနေစဉ် ဈေးကွက်အခြေအနေသည် ဝယ်လိုအား၊ ရောင်းလိုအား၊ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်ရေး၊ ဝင်ငွေအပြောင်းအလဲများကိုလိုက်၍ ပြောင်းလဲလျက်ရှိနေသည်။

ထို့ကြောင့် လက်တွေ့ဈေးကွက်အခြေအနေထဲတွင် လုံးဝအသုံးပြု၍မရသော အစိုးရသတ်မှတ်ထားသည့် ပုံသေငွေလဲနှုန်းကို မည်သည့်ပုဂ္ဂလိကလုပ်ငန်းရှင်ကမှ လိုလိုလားလား ကိုးကားအသုံးပြုခြင်း မရှိပေ။ နိုင်ငံပိုင်ကဏ္ဍများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသာ အသုံးပြုသည့် သီးခြားသတ်မှတ်နှုန်းထားဖြစ်နေခဲ့သည်။ ပြင်ပဈေးကွက်ပေါက်ဈေးနှင့် အစိုးရသတ်မှတ်ထားသည့် လဲနှုန်းကြားကကွာဟချက်ကို အကျိုးအမြတ်အတွက် အသုံးချမည့်ကိစ္စမှလွဲ၍ မည်သည့်ကိစ္စမှ အလုပ်မဖြစ်ခဲ့။

၂၀၁၁ ခုနှစ် အစိုးရသစ်က ၂၀၁၂ ခုနှစ် ဧပြီလမှစ၍ အစီအမံဖြင့် နှုန်းရှင်ငွေလဲနှုန်းစနစ်ကို ကျင့်သုံးခဲ့သည်။ တစ်ဒေါ်လာ ကျပ်ငွေ ၈၀၀ ကျော်စွန်းစွန်းဖြင့် စခဲ့သည်။ ငွေလဲနှုန်းအသစ်ကို စတင်ကျင့်သုံးချိန်မှစ၍ သုံးနှစ်ကျော် လေးနှစ်နီးပါး အချိန်များအတွင်း ဈေးကွက်သဘာဝအားဖြင့် အတက်အကျများရှိခဲ့သော်လည်း ကာလရှည်တစ်ခုလုံး၏ အခြေအနေကို ပုံဖော်ကြည့်ပါက အတက်ဘက်သို့သာဦးတည်နေခဲ့သည်ကို သတိပြုမိလိမ့်မည်။ မြန်မာကျပ်ငွေသည် ဒေါ်လာနှင့် လဲလှယ်ရာတွင် တန်ဖိုးအလွန်အမင်းကျဆင်းခဲ့ပြီး ဒေါ်လာငွေမှာ အလွန်အမင်းမြင့်တက်ခဲ့သည်။ ဈေးကွက်သည် ဈေးကွက်သဘာဝကိုလွန်၍ တစ်စုံတစ်ရာသောပယောဂ၏ ဝင်ရောက်နှောင့်ယှက်မှုကိုခံနေရဟန်တူသည်။ စီးပွားရေးအကြောင်းတရားများထက် နိုင်ငံရေးအကြောင်းတရားများကြောင့် ပို၍ အပြောင်းအလဲ ဖြစ်နေဟန်ရှိ၏။

လက်ရှိအခြေအနေများအရ ဈေးကွက်၏ ထိလွယ်ရှလွယ် အခြေအနေများသည် ဆက်ဆက်ထိမခံသော နိုင်ငံရေးအခြေအနေများပေါ်တွင် များစွာမူတည်လျက်ရှိနေသည်။ အမှန်တွင် ထိုကိစ္စများအတွက် အထူးအလေးထားပြောစရာလို၊ အင်ဖော်မယ်လ်ဈေးကွက်ကြီးမားနေသော၊ နိုင်ငံသားစီးပွားရေးသမားများ အားလုံးတူညီသော ဈေးကွက်ကွင်းပြင်တွင် မျှတစွာ ယှဉ်ပြိုင် လှုပ်ရှားနိုင်စွမ်းမရှိသေးသော သွင်းကုန်များအပေါ် များစွာမှီခိုနေရဆဲ စီးပွားရေးအဆောက်အအုံထဲရှိ ဈေးကွက်များ၏ အခြေအနေမှာ အခြားသောအကြောင်းများထက် နိုင်ငံရေးအကြောင်းတရားများပေါ် အခြေခံ၍သာ လှုပ်ရှားပြောင်းလဲတတ်သည်မှာ သဘာဝဖြစ်သောကြောင့် ဖြစ်သည်။

ယခုလည်း မြန်မာ့စီးပွားရေးအဆောက်အအုံအတွင်းရှိ ကျပ်-ဒေါ်လာ နိုင်ငံခြားငွေလဲလှယ်ဈေးကွက်သည် ဤသို့သာ ဖြစ်လျက်ရှိသည်ဟု ကောက်ချက်ချရမည်။ ဈေးကွက်ပြဋ္ဌာန်းချက်များသည် နိုင်ငံရေးကိန်းရှင်များနောက်သို့ လိုက်နေရသည့်သဘောရှိနေသည်။ ဒေါ်လာဈေးနှုန်းသည် အချိန်ယူကာ ဖြည်းဖြည်းမှန်မှန် အရှိန်ပါပါဖြင့် တက်ခဲ့ဖူး၏။ အချိန်တိုအတွင်း မြေပြင်ကိုဆောင့်ကန်၍ အထက်သို့တက်သလိုလည်း ဖြစ်ခဲ့ဖူး၏၊ ပမာဏများစွာမြင့်တက်ခဲ့ပြီးနောက် အနည်းငယ်သာ ပြန်လည်ကျဆင်းတတ်သည့်သဘာဝလည်း ရှိခဲ့ပြီးဖြစ်သည်။

အမြဲတမ်းနီးပါးတူညီသော သဘာဝတစ်ခုကိုလည်း သတိထားမိသည်။ ပြန်လည်ကျဆင်းသည့် ကျပ်-ဒေါ်လာလဲနှုန်းသည် မူလရှိခဲ့သည့် ဈေးနှုန်းအဆင့် (သို့မဟုတ်) မူလဈေးနှုန်းအဆင့်အောက်သို့ မရောက်တတ်ဘဲ မူလဈေးနှုန်းထက်မြင့်သော အခြေအနေအထိသာ ကျဆင်းတတ်ခြင်းဖြစ်သည်။

ဆိုလိုသည်မှာ ဒေါ်လာငွေလဲနှုန်းသည် များများမြင့်၊ နည်းနည်းကျဖြစ်ပေါ်ကာ အချိန်ကာလတစ်လျှောက် မြင့်တက်လာနေခြင်းဖြစ်သည်။ အချိန်ယူကာ ဖြည်းဖြည်းမှန်မှန် မြင့်တက်နေသော ဒေါ်လာဈေးနှုန်းသည် ကျပ်ငွေတန်ဖိုး ကျဆင်းနေသည့်သဘာဝကိုပြသော်လည်း အချိန်တိုအတွင်း တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်ခြင်း၊ ကျဆင်းခြင်းတို့သည် ဈေးကွက်၏ သန့်သဘောသူဆောင်သော သဘာဝ မဟုတ်နိုင်ဘဲ ပယောဂပါသောဈေးကွက်အလှုပ်များ ဖြစ်နေသည်ဟုသာ သုံးသပ်ရမည်။

မည်သို့ပင်ဆိုစေ ကျပ်-ဒေါ်လာလဲနှုန်း အပြောင်းအလဲများကို တကယ်ပြောစမှတ်ဖြစ်လောက်သည့် အခြေအနေများအဖြစ် ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ ယခုလည်း အစိုးရသစ် တာဝန်ယူရတော့မည့်အချိန်နီးလာချိန်၊ ဒုတိယအကြိမ်လွှတ်တော်များ စတင်သည့်အချိန်၌ ထူးထူးခြားခြား အမူအရာကို ထပ်ပြသည်ဟုသာပြောရတော့မည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ကုန်ဆုံးခါနီး ဒီဇင်ဘာလ ဒုတိယပတ်လောက်မှစ၍ လကုန်ချိန်ထိ တစ်ဒေါ်လာလျှင် ငွေကျပ် ၁၃၀၀ ကျော်ထိ စံချိန်တင်ခဲ့သော ကျပ်-ရက်ပိုင်းအတွင်း အလျင်အမြန် ဇောက်ထိုးကျဆင်းခဲ့သော အခြေအနေသည် ဖေဖော်ဝါရီလ၏ ဒုတိယပတ်ရက်များတွင် တစ်ဒေါ်လာလျှင် ငွေကျပ် ၁၂၄၀ - ၁၂၅၀ ဝန်းကျင်များအထိ ပြန်လည်မြင့်တက်လာခဲ့ပြန်သည်။ ထိုကဲ့သို့ နိုင်ငံခြားငွေလဲလှယ်ဈေးကွက်ထဲရှိ ကျပ်-ဒေါ်လာ လဲလှယ်နှုန်းအပြောင်းအလဲ၊ အလှုပ်အရှားများသည် ဖြစ်ပြီးရင်းဖြစ်ကာ တကယ်ပြောစမှတ်ပင် ဖြစ်ရခဲ့၏။ ဈေးကွက်အခြေအနေခန့်မှန်းချက်များမှာလည်း စိတ်ချယုံကြည်စရာနည်းသွားခဲ့ရ၏။


ကျပ်-ဒေါ်လာ လဲလှယ်နှုန်းကို ခန့်မှန်းကြသည့် ပြည်တွင်းပညာရှင်များ၊ သုတေသီများ၏ ရသလောက်သတင်းအချက်အလက်များအားကိုးဖြင့် မှန်းဆချက်များသည်လည်း မှန်သည့်အခါလည်းမှန်သကဲ့သို့ လွဲချော်သည့်အခါလည်း လွဲချော်၏။ ပုံမှန်လည်ပတ်နိုင်စွမ်းမရှိသော ဈေးကွက်ယန္တရားကြီး၏ စွမ်းဆောင်ရည် အားနည်းစွာလည်ပတ်နေမှုကြောင့် ၎င်းတို့၏ ခန့်မှန်းချက်များမှာလည်း ကံကိုအားကိုးရသော မှန်းဆချက်များသာဖြစ်ပေလိမ့်မည်။ မျက်စိစုံမှိတ်၍ယုံကြည် ကိုးကားအသုံးပြု၍မရသည့် အခြေအနေများသာဖြစ်နေသည်။

ကျပ်-ဒေါ်လာ ငွေကြေးဈေးကွက် အခြေအနေမှာ မျက်စိရှေ့တွင် တွေ့မြင်နေရသည့်တိုင် မျက်စိတစ်မှိတ်အလွန်တွင် လျှပ်တပြက်ပြောင်းလဲတတ်သည့် အခြေအနေကြောင့် ခန့်မှန်းတွက်ချက်မှုများကို မည်သူမျှရဲရဲကြီးမယုံဝံ့ကြပေ။ ဒေါ်လာနှင့် ဆက်စပ်လုပ်ကိုင်ကြရသူများလာခဲ့ပြန်၏။ သို့သော် ဒေါ်လာဈေးကျဆင်းခြင်းအကြောင်းကြောင့် ကုန်ပစ္စည်းများ ဈေးနှုန်းကျဆင်းနေကြောင်း သတင်းထူးမကြားရ။ အခြေခံစားသောက်ကုန်၊ လူသုံးကုန်၊ သွင်းကုန်ပစ္စည်းများ၊ သွင်းကုန်အခြေခံထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းအများစုမှာ ဒေါ်လာဈေးကျဆင်းမှုကြောင့် ဈေးနှုန်းများကျဆင်းလာနေကြောင်းသတင်းမျိုး အချိန်ကာလတစ်လျှောက်လည်း ခပ်များများကြားဖူးခြင်း မရှိခဲ့ပေ။

ကုန်ပစ္စည်းအများစုဈေးနှုန်းများသည် ဒေါ်လာဈေးတက်ခြင်းနှင့်အတူ လိုက်ပါမြင့်တက်ခဲ့သော်လည်း ဒေါ်လာဈေးကျဆင်းမှုနှင့်အတူ ကျဆင်းလာခြင်းမျိုး မရှိခဲ့။ ဒေါ်လာဈေးနှုန်းကျဆင်းမှုကြောင့် ကုန်စည်များ၏ ဈေးနှုန်းကျဆင်းလာနိုင်သည်ဟူသော အခြေခံလူတန်းစားတို့၏ စိတ်ကူးယဉ်မျှော်လင့်ချက်များ လျှော့ပါးခဲ့သည်မှာလည်း ကြာခဲ့လေပြီ။ ဒေါ်လာဈေးနှုန်း၊ ဒေါ်လာဈေးကွက်တို့ လေတိုက်တိုင်းလှုပ်တတ်၊ ကြွေတတ်သည့် သစ်ရွက်တို့ သဘာဝမျိုးဖြစ်နေသည်မှာ ၎င်းတို့၏ မရင့်ကျက်သည့်အခြေအနေ၊ မတည်ငြိမ်သည့် အနေအထားကို ပြနေသကဲ့သို့ဖြစ်သည်။

အခြေခံလူတန်းစားတို့မှာကား ဈေးကွက်ယန္တရား၏ မတည်ငြိမ်သော၊ မရင့်ကျက်သေးသော အခြေအနေများအောက်တွင် နေ့စဉ်စားဝတ်နေမှုအတွက် ပင်ပန်းကြီးစွာ ရင်ဆိုင်နေရဆဲဖြစ်သည်။ ဒေါ်လာဈေးကျလွန်းခြင်း၊ မြင့်လွန်းခြင်းသည်လည်းကောင်း၊

**၂၀၁၅ အကုန်နှင့် ၂၀၁၆ အစကာလ၌ ဖြစ်ပေါ်နေသည့်မှန်းဆရခက်ခဲသော ကျပ်-ဒေါ်လာလဲလှယ်နှုန်း အခြေအနေ**




**မှတ်ချက် ဈေးကွက်ပေါက်ဈေးဆိုသည်မှာ ညနေ ၃ နာရီနောက်ပိုင်းဈေးကွက်ရှိ ဈေးကွက်များမှရောင်းချ ပျမ်းမျှနှုန်းထားဖြစ်သည်။**

ဒေါ်လာလဲနှုန်းသည် ၂၀၁၆ ခုနှစ်အစ ဇန်နဝါရီတစ်လလုံး တစ်ဒေါ်လာလျှင် ငွေကျပ် ၁၂၉၀-၁၃၀၀ ကြားတွင် အတက်၊ အကျများသာ ဖြစ်ပေါ်နေခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်သစ်များနှင့် ဒုတိယအကြိမ်လွှတ်တော်များ စတင်သည့် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင်မူ ဗဟိုဘဏ်ရည်ညွှန်းနှုန်းများ ၁၂၉၃ ကျပ် ဖြစ်လျက် ဈေးကွက်ထဲ၌ အရောင်းအဝယ်ဖြစ်နေသော လဲလှယ်နှုန်းမှာ ဗဟိုဘဏ်နှုန်းထက် အနည်းငယ်နိမ့်လျက်ရှိနေခဲ့သည်။

ဖေဖော်ဝါရီလအစတွင်မူ ဆက်လက်ကျဆင်းလာခဲ့သည်ကို တွေ့ရ၏။ နံနက်ပိုင်း၊ ညပိုင်းချိန်အတွင်းမှာပင် သိသာစွာ ကွာဟမှုများဖြစ်လာခဲ့သည်။ ဖေဖော်ဝါရီလ ပထမပတ်အကုန်တွင် ပြင်ပဈေးကွက်လဲလှယ်နှုန်းမှာ တစ်ဒေါ်လာလျှင် ငွေကျပ် ၁၂၂၀-၁၂၃၀ ကျပ်ဝန်းကျင်အထိ ထိုးကျသွားခဲ့သည်။

ထို့သို့ အချိန်တိုအတွင်းဇောက်ထိုးကျဆင်းသွားမှုကြောင့် ဈေးကွက်ထဲ၌ ဒေါ်လာအရောင်းအဝယ်ထိန်းသိမ်းမှုများလုပ်ကြရသည့် အခြေအနေများအထိဖြစ်သွားရသည်ကို ကြားလိုက်ရသည်။ သို့သော် ထိုအခြေအနေသည် နောက်ပိုင်းရက်များ၌ အိပ်မက်ပမာ ဖြစ်သွားခဲ့ပြန်သည်။

အဖို့ အချိန်တိုင်း မျက်စိဒေါက်ထောက်စောင့်ကြည့်နေရန်သာဖြစ်သည်။

ထိုသူများအပြင် ဒေါ်လာဈေးနှုန်း မတည်ငြိမ်မှုကို စိုးရိမ်မှုရှိကြသော အခြားသူများလည်းရှိသေးသည်။ လက်လုပ်လက်စား၊ နေ့စားဝင်ငွေရသူများ၊ လခစားကဲ့သို့ ပုံမှန်ဝင်ငွေရရှိသူ အခြေခံလူတန်းစားများဖြစ်၏။ သက်ရောက်လာနိုင်သောအားဖြင့် သက်ရောက်လာနိုင်သောအခြေအနေမှာ တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုကဏ္ဍအားနည်းခြင်းမှအစပြု၍ ဖြစ်ပေါ်လာသည့် သွင်းကုန်များ၊ ဈေးနှုန်းများ ကြီးမြင့်လာမှုဖြစ်သည်။

အခြေခံစားသောက်ကုန်၊ လူသုံးကုန်မှစ၍ ပြည်တွင်းရှိ ကဏ္ဍအသီးသီးမှ လိုအပ်သောလုပ်ငန်းသုံးကုန်ကြမ်းအမျိုးမျိုး၊ အခြေခံအဆောက်အအုံတည်ဆောက်ရေး ပစ္စည်းအများစုကို ဒေါ်လာဖြင့် ဝယ်ယူနေကြရသည်။ ဒေါ်လာပမာဏများစွာအသုံးပြု၍ ဝယ်ယူရသော ထိုပစ္စည်းများမှာ ဒေါ်လာဈေးနှုန်းမြင့်တက်မှုကြောင့် ဈေးနှုန်းကြီးမြင့်မှုများဖြစ်ပေါ်ကာ ပုံမှန်ဝင်ငွေရ အခြေခံစားသုံးသူတို့ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ခံစားရခြင်းဖြစ်သည်။ ယခုဒေါ်လာဈေးနှုန်း အနည်းငယ်ကျဆင်း

အလျင်အမြန် အတက်အကျဖြစ်လွန်းခြင်းသည်လည်းကောင်း ဈေးကွက်အင်အားစုများအတွက်သာမက နိုင်ငံစီးပွားရေးတည်ငြိမ်မှုရရှိရေးအတွက် ကောင်းမွန်သော အခြေအနေများ မဟုတ်ပေ။

ဈေးကွက်သဘာဝအရ ဖြစ်ပေါ်လာတတ်သော ဈေးနှုန်းအတက်၊ အကျသည် ဖြည်းဖြည်းငြိမ့်ငြိမ့်ဖြစ်နေပါမှ ဈေးကွက်ရာသီဥတု ကောင်းမွန်ပေလိမ့်မည်။

ကျပ်-ဒေါ်လာ လဲလှယ်နှုန်း အကဲဆတ်လွန်းသည့် အခြေအနေဖြစ်ပေါ်နေခြင်းမှာ နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍ အားပျော့နေခြင်းနှင့် တရားဥပဒေစိုးမိုးမှု အားနည်းနေခြင်းများနှင့် နိုင်ငံရေးမျှော်လင့်ချက်အခြေအနေများစသဖြင့် ပတ်သက်၍ ဆက်စက်လျက်ရှိနေရာ အခြေအနေများစွာရှိသဖြင့် ထိုအခြေအနေများကို သတိရှိရှိဖြင့် တစ်ပြိုင်နက်ကိုင်တွယ်နိုင်မှုဖြစ်မည်။ သို့မှသာ အချိန်ကာလတစ်ခုအရောက်တွင် အကျိုးသက်ရောက်မှုအဖြစ် ကျပ်-ဒေါ်လာ ဈေးကွက်၏ ဈေးကွက်သဘော သဘာဝအပြောင်းအလဲကို ဖြည်းဖြည်းလေးနှင့် ငြိမ့်ငြိမ့်လေး မြင်ရပေလိမ့်မည်။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အရေးကြီးအဆိုတစ်ခုဆွေးနွေးအတည်ပြုခြင်း၊ အရေးကြီးအဆိုတစ်ခုထပ်မံတင်သွင်းခြင်း၊ ကော်မတီ ၃ ခုဖွဲ့စည်းရေး ရှင်းလင်းတင်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **(ယာပုံ)** အရေးကြီးအဆိုတစ်ခုဆွေးနွေးအတည်ပြုခြင်း၊ အရေးကြီးအဆိုတစ်ခု ထပ်မံတင်သွင်းခြင်း၊ ကော်မတီ ၃ခု ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး တင်သွင်းထားသည့် **"မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးတွင် ပြည်သူလူထုပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ဟန့်တားနှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးရန်အပြင် ထိရောက်သော ကူညီထောက်ပံ့မှုများကို အမြန်ဆုံးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ သို့ တိုက်တွန်းကြောင်း"** အရေးကြီးအဆိုနှင့်စပ်လျဉ်း၍လွှတ်တော်ကိုယ်စားလှယ် ၂၃ ဦးက ဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်ကိုယ်စားလှယ် ၂၃ ဦး ဆွေးနွေးခဲ့သည့် အဆိုနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြုပြီး ဆန္ဒမဲပေးသည့်စနစ်ဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။



ယင်းနောက် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က **"နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးနောက်ပိုင်း ဆောင်ရွက်နေသော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အလျင်စလို ငှားရမ်းရောင်းချ လွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို နေရာတကျမစီမံဘဲ အဆောတလျင်ခွင့်ပြုနေမှု၊ ကျူးကျော်များကို အဓမ္မဖယ်ရှားမှု၊ နိုင်ငံပိုင်သယံဇာတများကို လိုအပ်သော ဆောင်ရွက်မှုများ၊ သဘောတူညီနိုင်းမှုများမပြုလုပ်ဘဲ အစိုးရတာဝန်မလွှဲပြောင်းမီ အလျင်အမြန် စီမံခန့်ခွဲနေမှုစသည်တို့ကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် အသေးစိတ်စိစစ်ဟန့်တား၍ ထိန်းကျောင်းတည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အရေးကြီးအဆိုကို တင်သွင်းရာ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်က ထောက်ခံဆွေးနွေးသည်။

ထို့နောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က **စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ**နှင့် **နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ**တို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယင်းကော်မတီများတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လွှတ်တော်သို့ အသိပေးကြေညာသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ရပ်နားလိုက်ပြီး အစည်းအဝေး(၁၃)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# လက်ရှိပြည်ထောင်စုအစိုးရက ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံရတာပါ။ အခု ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံခြင်း ရှိ၊ မရှိ ဆိုတာက ဖွဲ့စည်းပုံအခြေခံဥပဒေအရ အသေအချာ ပြန်လည်သုံးသပ်ရမယ့်ကိစ္စပါ

ဦးရဲထွဋ်(ပြည်ထောင်စုဝန်ကြီး)



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့တွင် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က အရေးကြီးအဆိုကိုတင်သွင်းခဲ့ပြီး ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ တက်ရောက်ရန် လွှတ်တော်က ဖိတ်ကြားထားရှိသော်လည်း သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ တက်ရောက်ခဲ့မှုမရှိခြင်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်အား သတင်းအဖွဲ့က မေးမြန်းခဲ့သည်။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက "ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတ ဦးသိန်းစိန်နဲ့ လက်ရှိပြည်ထောင်စုအစိုးရက ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံရတာပါ။ အခု ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံခြင်း ရှိ၊ မရှိ ဆိုတာ က ဖွဲ့စည်းပုံအခြေခံဥပဒေအရ အသေအချာ ပြန်လည်သုံးသပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါပေမယ့် ရှမ်းပြည်နယ် မြောက်ပိုင်းမှာဖြစ်ပွားနေတဲ့ တိုက်ပွဲကိစ္စတွေ၊ အယ်လ်နီညို ကိစ္စတွေဟာ အမျိုးသားအကျိုးစီးပွားနဲ့ ဆက်စပ်နေလို့ ဝန်ကြီး၊ ဒုတိယဝန်ကြီးတွေက သွားရှင်းပြခဲ့တာပါ။

အခုတော့ နောက်ထပ်အဆိုတွေ မေးခွန်းတွေပါ ဆက်တိုက်တင်လာလို့ ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးတွေမှာ လက်ရှိအစိုးရတာဝန်ရှိသူတွေ တက်ရောက်ဆွေးနွေးခြင်းကို ဆိုင်းငံ့ထားဖို့ အစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ တကယ်လို့ နောက်တာဝန်ယူမယ့် အစိုးရအဖွဲ့အနေနဲ့ သိသင့်တာ၊ အကြံပြုချင်တာရှိရင် တာဝန်လွှဲပြောင်းမှု အထောက်အကူပြုအဖွဲ့ချင်းညှိနှိုင်းမေးမြန်းလို့ရပါတယ်။ နောက်ပြီး ဒေါ်ခင်စန်းလှိုင်အဆိုမှာ အဖြစ်မှန်ကိုမသိဘဲ စွပ်စွဲထားတာတွေပါဝင်နေတယ်လို့ သိရပါတယ်။ ဥပမာ 2600 MHz လှိုင်းနှုန်းကိစ္စဆိုရင် Red Link ကုမ္ပဏီနဲ့ ရတနာပုံတယ်လီပို့က ၂၀၀၉ ခုနှစ်ကတည်းက အဲ့ဒီလှိုင်းနှုန်းကို စီးပွားရေးအတွက် အခမဲ့သုံးနေတာဖြစ်တဲ့အတွက် နိုင်ငံတော်အတွက် နစ်နာမှုမရှိအောင် လေလံပစ်ရတာဖြစ်ပါတယ်။ ပြီးရင် အခမဲ့သုံးထားတဲ့နှစ်တွေအတွက် ငွေကြေးပြန်လည်တောင်းခံဖို့လည်း ရှိပါတယ်။

အစိုးရအဖွဲ့ဝင်တွေအနေနဲ့ လွှတ်တော်မှာသွားရောက် ရှင်းပြတာမလုပ်ပေမယ့် ဒေါ်ခင်စန်းလှိုင်အဆိုမှာပါတဲ့ ဆွေးနွေးချက်တွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ပြည်သူတွေကို ပြန်လည်ရှင်းလင်း တင်ပြသွားမှာပါ"ဟု ဖြေကြားခဲ့သည်။

**(သတင်းအဖွဲ့)**

❑စာမျက်နှာ ၅ မှ

ပြည်တွင်းမှာ အလားတူ စောင့်ရှောက်မှုပေးနိုင်တဲ့၊ ကုသမှုပေးနိုင်တဲ့ ဆေးရုံရောက်လာရင် နိုင်ငံခြားကိုရောက်သွားတဲ့ ငွေကြေးပေါင်းများစွာ မလိုအပ်တော့ဘူးပေ့ါ။

အိုးမကွာအိမ်မကွာနဲ့ ကိုယ့်နိုင်ငံထဲမှာဆေးဝါးကုသမှုတွေကို ခံယူနိုင်မယ်။ နောက်ပြီး အရေးကြီးတာတစ်ခုက နိုင်ငံတကာဆေးရုံတွေ လာတဲ့အခါ ကုသရေးတင်မဟုတ်ဘဲ တိုင်းပြည်မှာရှိတဲ့ ဆရာဝန်၊ သူနာပြုနဲ့ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတွေကို သင်တန်းတွေပို့ချပေးသွားမယ့်အစီအစဉ်တွေ ပါဝင်ပါတယ်။ ဒါဆို သူတို့အနေနဲ့ ကျွမ်းကျင်မှုတွေ ပိုရှိလာမယ်။ ဒီလိုမျိုးတွေရှိတဲ့အတွက် နိုင်ငံခြားဆေးရုံတွေကို ခွင့်ပြုပေးတာဖြစ်ပါတယ်။

**မေး။ ပတ်ခ်ဝေးနဲ့ ဆက်စပ်တဲ့ ဆေးရုံမြေနေရာကို ဘယ်လို အဆင့်ဆင့်ရွေးချယ်ဆောင်ရွက်ခဲ့တယ်ဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ပတ်ခ်ဝေးနဲ့ ဆက်စပ်တဲ့ဆေးရုံမြေနေရာ စဉ်းစားတဲ့အခါမှာ မြေနေရာကို နိုင်ငံတော်က စီမံရွေးချယ်ခဲ့ပါတယ်။ တကယ်တမ်းတော့ ဒီမြေက မူလက ကျန်းမာရေးဝန်ကြီးဌာနကပိုင်တဲ့မြေ မဟုတ်ပါဘူး။

ပြည်ထဲရေးဝန်ကြီးဌာနကပိုင်တဲ့မြေနေရာဖြစ်တာကြောင့် နည်းလမ်းတကျ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်တွေနဲ့ ဝန်ကြီးဌာနအချင်းချင်း လွှဲပြောင်းခွင့်ပြုပေးခဲ့ပါတယ်။ ဒီနေရာကို ရွေးချယ်တာကလည်း အနီးအနားမှာ ဂျပန်ဆေးရုံ၊ သူနာပြုတက္ကသိုလ်၊ ပုဂ္ဂလိကဆေးရုံ ဆေးခန်းတွေလည်းရှိတဲ့အတွက် ဆေးရုံတစ်ခုနဲ့တစ်ခု အပြန်အလှန် အထောက်အကူပေးနိုင်အောင်၊ လိုအပ်တဲ့ပူးပေါင်းဆောင်ရွက်မှုတွေ ပေးနိုင်အောင်၊ တည်နေရာအရလည်း ကျန်းမာရေးစောင့်ရှောက်မှုကိုပေးနိုင်ပြီး သွားရလာရလွယ်ကူတာကြောင့် ရွေးချယ်ခဲ့တာပါ။

နောက်တစ်ခုက ကျန်းမာရေးဆိုင်ရာလေ့ကျင့်သင်ကြားမှုတွေ ပြုလုပ်တဲ့အခါမှာလည်း အလွယ်တကူလာနိုင်အောင်ဆိုပြီး ဘက်စုံထောင့်စုံက အဆင်ပြေမယ့်နေရာကို အကြီးအကဲများကရွေးချယ်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။

ဒီအဆိုပြုမှုက ၂၀၁၅ ခု နှစ်ဦးပိုင်းလောက်ကတည်းက အဆိုပြုခဲ့တာဖြစ်ပေမယ့် မြေကိစ္စတွေ ဖြတ်ရတာရှိပြီး ဝန်ကြီးဌာနအချင်းချင်း လွှဲပေးရတာ၊ လွှဲပြီးနောက်ပိုင်းမှာလည်း ကျန်းမာရေးဝန်ကြီးဌာနနဲ့ ရင်းနှီးမြှုပ်နှံသူနဲ့ အသေးစိတ်ညှိနှိုင်းရတာတွေရှိတယ်။ စာချုပ်စာတမ်းတွေပြင်ဆင်ပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ဥပဒေဆိုင်ရာအကြံပြုချက်တွေကို တောင်းခံရတယ်။ အကြံပြုချက်တွေနဲ့အညီ စာချုပ်တွေကို ပြန်ပြင်ဆင်တာလုပ်ရတယ်။ ပြီးမှ အကြံပြုပြီးတဲ့အခါ MIC ကို တင်ပြခဲ့တယ်။

ဒီလိုမျိုးအဆင့်ဆင့်လုပ်ရတဲ့ အနေအထားဖြစ်ပါတယ်။ သူတို့တင်တာက အောက်တိုဘာလကုန် နောက်ဆုံးပတ်လောက်ဖြစ်ပါတယ်။ နှစ်လခွဲလောက် အဆင့်ဆင့်စိစစ်လိုက်ပါတယ်။ ဖေဖော်ဝါရီလမှာခွင့်ပြုခဲ့ပါတယ်။

အဓိကပြောရရင်တော့ MIC အနေနဲ့က ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့အညီ ဘာပဲလုပ်လုပ် ဥပဒေကိုအခြေခံပြီးတော့ပဲလုပ်ပါတယ်။ MIC က ခွင့်ပြုတဲ့လုပ်ငန်းတစ်ခုဟာ ဥပဒေနဲ့ညီရမယ်။ လုပ်ထုံးလုပ်နည်းနဲ့ညီရမယ်။ သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ သဘောထား၊ သဘောတူညီချက်၊ ကိုက်ညီချက်တွေရှိရမယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရဲ့ သဘောတူညီချက်ရှိရမယ်။ ဒါတွေအားလုံးကို ခြုံငုံစဉ်းစားပြီးတော့မှ ဥပဒေနဲ့အညီ စိစစ်ခွင့်ပြုခဲ့တာဖြစ်ပါတယ်။

စိစစ်တဲ့အပိုင်းမှာလည်း တတ်နိုင်သမျှလုပ်ငန်းတွေမြန်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ရက် ၉၀ အတွင်း ခွင့်ပြုမိန့်တစ်စောင်ကို ထုတ်ပေးရမယ်ဆိုတဲ့ ကန့်သတ်ချက်တစ်ခု ဥပဒေပြဋ္ဌာန်းချက်တစ်ခုရှိပါတယ်။ တစ်ဖက်ကလည်း လုပ်ငန်းတစ်ခုက မြန်မြန်ခွင့်ပြုပေးနိုင်လေလေ တိုင်းပြည်မှာ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုမြန်မြန် ရောက်ရှိလာလေဖြစ်တယ်။ လုပ်ငန်းရှင်တွေအနေနဲ့လည်း ငွေကုန်သက်သာစေဖို့ MIC က ခွင့်ပြုပေးတာဖြစ်ပါတယ်။

နောက်တစ်ချက်က MIC က ဘာလုပ်လုပ် ပွင့်လင်းမြင်သာမှု အမြဲတမ်းဦးစားပေးပြီးတော့ ဆောင်ရွက်ပါတယ်။ လုပ်သမျှလုပ်ငန်းတွေကို အများပြည်သူသိရအောင် ထုတ်ပြန်တဲ့ အမိန့်တွေကိုလည်း ပြည်သူတွေသိစေဖို့ ကျယ်ကျယ်ပြန့်ပြန့် အသိပေးလျက်ရှိပါတယ်။ ဥပဒေကို အခြေခံပြီး သွေဖည်မသွားအောင်ဆောင်ရွက်တယ်၊ ပွင့်လင်းမြင်သာမှုရှိအောင်ဆောင်ရွက်တယ်၊ ဒီနှစ်ချက်ကို တင်ပြချင်ပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားလွှတ်တော်နှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများ ပြင်ဆင်ဖွဲ့စည်းခြင်းကို အတည်ပြုဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ အမျိုးသားလွှတ်တော်နှင့် ဩစတြေးလျ၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းများ ပြင်ဆင်ဖွဲ့စည်းခြင်းကို အတည်ပြုဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **မြန်မာ - ဩစတြေးလျ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာတို့ဖြင့်လည်းကောင်း၊ **မြန်မာ-ကိုရီးယား လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးကျော်သီဟ၊ အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်းတို့ဖြင့် လည်းကောင်း၊ **မြန်မာ-မလေးရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာ သန်းဝင်း၊ အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွန်းတို့ဖြင့် လည်းကောင်း၊ **မြန်မာ - ဖိလစ်ပိုင် လွှတ်တော်ချင်းချစ်ကြည် ရင်းနှီးရေးအသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ ဌေးကြွယ်၊ အတွင်းရေးမှူးအဖြစ် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်တို့ဖြင့် လည်းကောင်း ၁၀ ဦးစီဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့အတူ **မြန်မာ - အင်ဒိုနီးရှားလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ ဦးဝင်းမြတ်အေး၊ အတွင်းရေးမှူးအဖြစ် မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်တို့ဖြင့် လည်းကောင်း၊ **မြန်မာ-တရုတ်လွှတ်တော်ချင်း ချစ်ကြည် ရင်းနှီးရေးအသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာ မြသောင်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀) မှ ဒေါ်နော်လှလှစိုးတို့ဖြင့်လည်းကောင်း ၁၁ ဦးစီဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည် ပြုကြောင်း ကြေညာသည်။



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်ပြီး ပုံမှန်အစည်းအဝေး (၁၃) ရက် မြောက်နေ့ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆက်လက် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# နောင်အစိုးရအဖွဲ့ တာဝန်ယူစဉ် စဉ်းစားစီမံဆောင်ရွက်နိုင်ရန် အချို့ကိစ္စရပ်များ ဆိုင်းငံ့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

**၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားသည့်ကိစ္စရပ်များအနက်မှ အချို့ကိစ္စရပ်များကို နောင်အစိုးရတာဝန်ယူစဉ် စဉ်းစားစီမံဆောင်ရွက်နိုင်ရန်အတွက် အကြောင်းအရာများအလိုက် ဆိုင်းငံ့ထားကြောင်းနှင့် အဆိုပါ ကိစ္စရပ်များမှာ အောက်ပါအတိုင်းဖြစ်ကြောင်းပြည်ထောင်စုအစိုးရအဖွဲ့မှ သိရသည်။**

## ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားသည့် ကိစ္စရပ်များမှ နောင်အစိုးရလက်ထက်တွင် စဉ်းစားစီမံ ဆောင်ရွက်နိုင်ရန်အတွက် ဆိုင်းငံ့ထားသည့်ကိစ္စရပ်များ

| စဉ် | ဌာန | အကြောင်းအရာ | ဆိုင်းငံ့သည့်ရက်စွဲ |
|---|---|---|---|
| ၁။ | ရွေးကောက်ပွဲကော်မရှင် | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများအတွက် သင့်လျော်သည့် မြေနေရာနှင့် အဆောက်အအုံလွှဲပြောင်းရရှိရေး တင်ပြသည့်ကိစ္စ | ၂၆-၁-၂၀၁၆ |
| ၂။ | နိုင်ငံခြားရေး | မွန်ဂိုလီယားပါလီမန် ဒုတိယဥက္ကဋ္ဌ မစ္စတာ လော့ဆော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်လိုကြောင်း တင်ပြသည့်ကိစ္စ | ၂၇-၁-၂၀၁၆ |
| ၃။ | သမဝါယမ | ဇဟန်းမြို့နယ်၊ နတ်မောက်လမ်းရှိ သမဝါယမ ကုန်သန်းရောင်းဝယ်ရေး သင်တန်းကျောင်း မြေ( သုည ဒသမ ၄၆၂)ဧကနှင့် အဆောက်အအုံ ငှားရမ်းခွင့်ကိစ္စ | ၁၅-၂-၂၀၁၆ |
| ၄။ | ပို့ဆောင်ရေး | မာန်အောင်မြို့နယ်(စမုံတဲ) လေယာဉ်ကွင်းအား တိုးချဲ့ဖောက်လုပ်နိုင်ရေးတင်ပြသည့်ကိစ္စ | ၁၀-၁၂-၂၀၁၅ |
| ၅။ | ပို့ဆောင်ရေး | မြောင်မြို့နယ် ပရိမ္မာ(တွင်းကြီး)မြစ်ရေတင်စက်ရေရရှိရေး အစီအမံ တင်ပြသည့်ကိစ္စ | ၁၀-၂-၂၀၁၆ |
| ၆။ | ပို့ဆောင်ရေး | ရန်ကုန်တိုင်းဒေသကြီးတွံတေးမြို့နယ် ကုလားတန်းကျေးရွာအုပ်စုရှိ မြေ(၁၃ ဒသမ ၈)ဧကအား စပါးပေါင်းစက်ရုံနှင့်ခေတ်မီဆန်စက် တည်ဆောက်ရန် BOT စနစ်ဖြင့်ငှားရမ်းဆောင်ရွက်ခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၇။ | လျှပ်စစ် | OPGW Fiber များကို စီးပွားရေးလုပ်ငန်းသုံးအဖြစ် ငှားရမ်းဆောင်ရွက်နိုင်ရေး ပဏာမဖြစ်မြောက်နိုင်စွမ်း လေ့လာသုံးသပ်မှု ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည့်ကိစ္စ | ၂၆-၁-၂၀၁၆ |
| ၈။ | လျှပ်စစ် | မြိတ်မြို့နယ် တနင်္သာရီမြစ်ဝအနီးတွင် (၂၆၄၀) မဂ္ဂါဝပ်ထွက်ရှိမည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းအား JV/B.O.T စနစ်အခြေခံဖြင့် ဆောင်ရွက်ရန် သဘောတူညီမှု စာချွန်လွှာလက်မှတ်ရေးထိုးမည့်ကိစ္စ | ၁၈-၂-၂၀၁၆ |
| ၉။ | စက်မှု | အဆင့်မြင့် ရာဘာစက်ရုံ တည်ဆောက်လုပ်ကိုင်ခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၈-၁၂-၂၀၁၅ |
| ၁၀။ | စက်မှု | ရာဘာခြံများအား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားခြင်း နည်းလမ်းဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၈-၁၂-၂၀၁၅ |
| ၁၁။ | စက်မှု | မီးခံဘိလပ်မြေပြား ထုတ်လုပ်ရေးဌာန(မှော်ဘီ)၏ မြေ(၆၁) ဧကတွင် Hazadous Chemical Treatment Plant စီမံကိန်းကို အကျိုးတူပူးပေါင်းဆောင်ရွက်ခွင့်ကိစ္စ | ၈-၁၂-၂၀၁၅ |
| ၁၂။ | စက်မှု | အလုံမြို့နယ် ကမ်းနားလမ်းရှိ Mini Brewery ဘီယာစက်ငယ်နှင့် ရေခဲစက်ရုံ ငှားရမ်းဆောင်ရွက်ခွင့်ကိစ္စ | ၁၀-၁၂-၂၀၁၅ |
| ၁၃။ | စက်မှု | အမှတ်(၂) ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)အား ငှားရမ်းခွင့်ကိစ္စ | ၁၀-၁၂-၂၀၁၅ |
| ၁၄။ | စက်မှု | ဆေးဝါးစက်ရုံ (အင်းစိန်)၏ ထိုးဆေးထုတ်လုပ်မှုတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခွင့်ကိစ္စ | ၁၀-၁၂-၂၀၁၅ |
| ၁၅။ | စက်မှု | မော်တော်ယာဉ်အလုပ်ရုံခွဲ(ထောက်ကြန့်)၏ မြေနှင့် အဆောက်အအုံ ငှားရမ်းဆောင်ရွက်ခွင့်ကိစ္စ | ၁၆-၁၂-၂၀၁၅ |
| ၁၆။ | စက်မှု | မီးခံအုတ်စက်ရုံခွဲ(စော်ဘွားကြီးကုန်း)ငှားရမ်းခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၁၇။ | စက်မှု | အမှတ်(၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) ကြီးကြပ်မှုရှိ PVC Wire ထုတ်လုပ်မှု အလုပ်ရုံငှားရမ်းခွင့်ကိစ္စ | ၁၁-၁-၂၀၁၆ |
| ၁၈။ | စက်မှု | အမှတ်(၄) အထည်စက်ရုံ ပွင့်ဖြူပိုင်မြေနှင့် အချောကိုင်ဌာန မြေငှားရမ်းခွင့်ကိစ္စ | ၂၁-၁-၂၀၁၆ |
| ၁၉။ | စက်မှု | ဘီးလင်းသကြားစက်ရုံ၊ ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံခွဲ (ရန်ပယ်) နှင့် သိုလှောင်ရုံ(၂)လုံးငှားရမ်းခွင့်ကိစ္စ | ၂၆-၁-၂၀၁၆ |
| ၂၀။ | စက်မှု | ဒိုက်ဦးကော်မှုန့်စက်ရုံအား Fortune International Limited သို့ သက်တမ်းတိုးမြှင့် ငှားရမ်းခွင့်ကိစ္စ | ၂၈-၁-၂၀၁၆ |
| ၂၁။ | စက်မှု | အခြေစိုက်အလုပ်ရုံ(တညင်းကုန်း)အား ငှားရမ်းခွင့်ကိစ္စ | ၂၆-၁-၂၀၁၆ |
| ၂၂။ | စက်မှု | ရန်ကုန်တိုင်းဒေသကြီး ဇဟန်းမြို့နယ် စက်မှုဝန်ထမ်းအိမ်ရာဝင်းရှိ မြေအား ငှားရမ်းခွင့်ကိစ္စ | ၂-၂-၂၀၁၆ |
| ၂၃။ | စက်မှု | မြန်မာ့ဆေးဝါးလုပ်ငန်းပိုင် ယခင် ဖောင်တိန်နှင့် မင်စက်ရုံ၏ RC နှစ်ထပ်အဆောက်အအုံနှင့် မြေ( သုည ဒသမ၅၇)ဧကပေါ်တွင် နိုင်ငံတကာ အဆင့်မီ စားသောက်ကုန် ဓာတ်ခွဲခန်း တည်ဆောက်ခြင်း လုပ်ငန်း တိုးမြှင့်ဆောင်ရွက်ခွင့်ကိစ္စ | ၂-၂-၂၀၁၆ |
| ၂၄။ | စက်မှု | အဆင့်မြင့်မီးခံအုတ်စက်ရုံခွဲ(ကျောက်ဆည်)အား ငှားရမ်းခွင့်ကိစ္စ | ၂-၂-၂၀၁၆ |
| ၂၅။ | စက်မှု | အမှတ်(၃၆) အကြီးစားစက်ရုံ မှန်စက်ရုံခွဲ (ပုသိမ်)ကို Excellent Fortune Development Group Ltd. သို့ငှားရမ်းခွင့်ကိစ္စ | ၂-၂-၂၀၁၆ |
| ၂၆။ | စက်မှု | ရန်ကုန်မြို့ ဇဟန်းမြို့နယ်ရှိ မြေ( သုည ဒသမ ၅၉) ဧကခန့်တွင် Myanmar- Korea Business Park တည်ထောင်လိုမှုကိစ္စ | ၁၈-၂-၂၀၁၆ |
| ၂၇။ | စီးပွား/ကူးသန်း | မြန်မာ(မူဆယ်)-တရုတ်(ရွှေလီ)အကြား နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ခြင်း ပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၂၆-၁-၂၀၁၆ |
| ၂၈။ | စီးပွား/ကူးသန်း | ရွှေဘိုမြို့ မင်းညိုစံလမ်းနှင့် အောင်ဇေယျလမ်းထောင့်ရှိ စီးပွား/ ကူးသန်း ဝန်ကြီးဌာနပိုင် (L) ပုံသဏ္ဌာန် အဆောက်အအုံတည်ရှိရာ မြေနေရာ ( သုည ဒသမ ၁၆၁)ဧကအား B.O.T စနစ်ဖြင့် ငှားရမ်းခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၂၉။ | သတ္တုတွင်း | ရွှေခေတ်တိုးတက်ရေး သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်နှင့် ပဲခူး တိုင်းဒေသကြီး ရွှေကျင်မြို့နယ် တောင်ကန့်လန့်ဒေသတွင် ခဲမဖြူ အဖြိုက်နက်နှင့် ဆက်စပ်သတ္တု စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက် နိုင်စွမ်း လေ့လာရေးလုပ်ငန်း ဆောင်ရွက်ခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၃၀။ | သတ္တုတွင်း | ထွန်းသွင်သတ္တုတူးဖော်ခြင်း ကုမ္ပဏီလီမိတက်နှင့် ဖလမ်းမြို့နယ် ဝေဘူလ-ဟားခါးလေးဒေသတွင် ခရိုမိုက်နှင့် ဆက်စပ်သတ္တု စမ်းသပ် တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းကို သဘော တူစာချုပ် ချုပ်ဆိုဆောင်ရွက်ခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၃၁။ | သတ္တုတွင်း | စွမ်းမင်းထက် သတ္တုတူးဖော်ရေးကုမ္ပဏီနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ဗန်းမောက်မြို့နယ်စုံးတော်ဒေသရှိမြေဧက(၁၂၀)တွင် ရွှေနှင့် ဆက်စပ် သတ္တု စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာ ရေးလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်ခွင့်ကိစ္စ | ၂၁-၁-၂၀၁၆ |
| ၃၂။ | သတ္တုတွင်း | AMARI Group (Myanmar) Co.,Ltd နှင့် ရမည်းသင်းမြို့နယ် နန်းခွဲ ဒေသရှိ မြေ(၄၇၃၃ ဒသမ ၃၃)ဧကတွင် ရွှေနှင့် ဆက်စပ်သတ္တုရှာဖွေ ရေး၊ စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်း ဆောင်ရွက်ခွင့်ကိစ္စ | ၂၁-၁-၂၀၁၆ |

စာမျက်နှာ ၉ သို့ »

## ပြည်တွင်းရေးရာ

» စာမျက်နှာ ၈ မှ

| စဉ် | ဌာန | အကြောင်းအရာ | ဆိုင်းငံ့သည့်ရက်စွဲ |
|---|---|---|---|
| ၃၃။ | သတ္တုတွင်း | သတ္တုတူးဖော်ရေးလုပ်ကွက်များတွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ခဲသတ္တုသန့်စင် အကြီးစားတူးဖော် ထုတ်လုပ်ခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၁၀-၂-၂၀၁၆ |
| ၃၄။ | သတ္တုတွင်း | ပတ္တမြားနဂါး သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်နှင့် ဟိုပုံးမြို့နယ် လိုင်ဟာမြားလုပ်ကွက်ရှိ မြေ(၄၈၅ ဒသမ ၆)ဧကနှင့် လွိုင်လင်မြို့နယ် ကောင်တန်လုပ်ကွက်ရှိ မြေ(၄၉၅)ဧကတို့၌ ခနောက်စိမ်းသတ္တု အကြီးစားတူးဖော်ခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၃၅။ | သတ္တုတွင်း | ရတနာစိုင်းကောင်းမြတ်ကျော် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ဝန်းကျင်ဒေသတွင် အဖြိုက်နက်နှင့် ဆက်စပ်သတ္တု စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်းကို သဘောတူစာချုပ်ချုပ်ဆို ဆောင်ရွက်ခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၃၆။ | သတ္တုတွင်း | ရတနာစိုင်းကောင်းမြတ်ကျော် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်နှင့် ပဲခူးတိုင်းဒေသကြီးတောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ဝန်းကျင်ဒေသတွင် သံသတ္တုစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေး လုပ်ငန်းကို သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၃၇။ | သတ္တုတွင်း | ဇမ္ဗူတလူသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်နှင့် ကျောက်ဆည်မြို့ စံပယ်တောင်ဒေသတွင် ကြေးနီနှင့် ဆက်စပ်သတ္တု စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းကို သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၃၈။ | သတ္တုတွင်း | ရွှေအနန္တသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်နှင့် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် တောင်ကန့်လန့်ဒေသတွင် ခဲမဖြူ အဖြိုက်နက်နှင့်ဆက်စပ်သတ္တုစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေး လုပ်ငန်းကို သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ခွင့်ကိစ္စ | ၂၉-၁၂-၂၀၁၅ |
| ၃၉။ | ဘဏ္ဍာရေး | ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်သို့ သက်သာသောအတိုးနှုန်းဖြင့် ငွေချေးခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၁၃-၁၀-၂၀၁၅ |
| ၄၀။ | ဆောက်လုပ်ရေး | ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ရပ်ကွက်ရှိ မြေ(၂၀၀)ဧကကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ ချထားဆောင်ရွက်ခွင့်ကိစ္စ | ၁၁-၁-၂၀၁၆ |
| ၄၁။ | ဆောက်လုပ်ရေး | မော်လမြိုင်ကျွန်း - လှိုင်းဘွန်း - သစ်ပုတ် - ပွင့်ပေါက်- ပြင်စလူလမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးရရှိရေး ဆောင်ရွက်ပေးပါရန်ကိစ္စ | ၂၆-၁-၂၀၁၆ |
| ၄၂။ | ရထား | ရွာသာကြီးဘူတာ အဆင့်မြှင့်တင်ရေးစီမံကိန်းဆောင်ရွက်ရန်အတွက် ကုမ္ပဏီ(၄)ခုထံမှ ပြန်လည်ရယူမည့်မြေ (၃၆၀ ဒသမ ၈၇၇)ဧကအား လျော်ကြေးပေးချေနိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လျော်ကြေးမပေးမီကာလတွင် ရွာသာကြီးဘူတာ အဆင့်မြှင့်တင်ရေး စီမံကိန်းအတွက် အနည်းဆုံးလိုအပ်သည့် မြေ(၇၅၀ ဒသမ ၀၄၇)ဧကအား မြန်မာ့မီးရထားပိုင်မြေ ပိုင်ဆိုင်ခွင့် အတည်ပြုသတ်မှတ်ပေးရန်ကိစ္စ | ၂၄-၂-၂၀၁၆ |
| ၄၃။ | သိပ္ပံနှင့်နည်းပညာ | ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ဖွင့်လှစ်နိုင်ရေးကိစ္စ | ၁၆-၁၂-၂၀၁၅ |
| ၄၄။ | သိပ္ပံနှင့်နည်းပညာ | ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)အတွက် မြေနေရာရွေးချယ်သတ်မှတ်နိုင်ရေးကိစ္စ | ၁၁-၁-၂၀၁၆ |
| ၄၅။ | ပုဂ္ဂလိကပိုင် | အမှုသိမ်း နိုင်ငံပိုင်စာရင်းမှ မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့် မြေကွက်(၂၄)ခုအား သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပြီး ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ ပြန်အပ်ရန်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၄၆။ | ပုဂ္ဂလိကပိုင် | ပြင်ဦးလွင်မြို့နယ် သုံးတောင်ကျေးရွာအုပ်စု ကွင်းအမှတ် (၆၅၂-က) ကျောက်ဖျာဒိုးအရှေ့ကွင်း ဦးပိုင်အမှတ်(N-21)မြေ(၃ ဒသမ ၅)ဧကအား ကျေးရွာပိုင်အဖြစ် ထားရှိရန်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၄၇။ | ပုဂ္ဂလိကပိုင် | ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လောက်ကိုင်မြို့ အမှတ် (၃) ရပ်ကွက်ရှိ အကွက်အမှတ် (၁၄)၊ အကွက်အမည် စွမ်းဖုန်ချိန် (၁)၊ ဦးပိုင်အမှတ် (၇၃)၊ မြေ (၁ ဒသမ ၆၈) ဧကရှိ မြေနှင့် အဆောက်အအုံနေရာအား ဒေသဖွံ့ဖြိုးရေးအတွက် သုံးစွဲခွင့်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၄၈။ | ပုဂ္ဂလိကပိုင် | ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ အပ်နှံထားသော ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းနှင့် ပြည်လမ်းထောင့်ရှိ မြေ (၁၈) ဧကအား ကျန်းမာရေးဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းခွင့်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၄၉။ | ပုဂ္ဂလိကပိုင် | ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ အပ်နှံထားသော ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ပိတောက်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ(ငါးအရောင်းဆိုင်) မြေနှင့်အဆောက်အအုံအား စီးပွား/ကူးသန်းဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းခွင့်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၀။ | ပုဂ္ဂလိကပိုင် | အကျိုးတူအိမ်ရာစီမံကိန်းများမှ ကုမ္ပဏီများသို့ ရောင်းချခဲ့သည်များအနက် မဝယ်ယူတော့ဘဲ ပြန်လည်အပ်နှံလာသည့် တိုက်ခန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရောင်းချရန်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၁။ | ပုဂ္ဂလိကပိုင် | ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူပိုင်သိမ်း အခန်း (၂) ခန်းဖြစ်သော အမှတ် (၁၆၃) ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ်ရှိ မြေညီထပ်တိုက်ခန်းနှင့် အမှတ် (၁၆၉) ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ မြေညီထပ်တိုက်ခန်းတို့အား အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချမည့်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၂။ | ပုဂ္ဂလိကပိုင် | သဃ်န်းကျွန်းမြို့နယ် (ဃ)ရပ်ကွက် မြေ (၁ ဒသမ ၄၇၅)ဧကရှိ ယခင်အမှတ် (၂) စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)၊ အလုပ်ရုံ (၃)၊ ကုန်ထုတ်ဌာနခွဲ (၂)အား အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချမည့်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၃။ | ပုဂ္ဂလိကပိုင် | ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပန်းလှိုင်ရပ်ကွက် ကုန်းပေါ်တန်းလမ်း အမှတ် (၁၉၅)ရှိ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနပိုင် အဆောက်အအုံနှင့် မြေနေရာအား လေလံတင်ရောင်းချနိုင်ရေး တန်ဖိုးတွက်ချက်ရန်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၄။ | ပုဂ္ဂလိကပိုင် | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (၁၇)ခုတွင် အတိုင်းအတာ ကွဲလွဲမှုမရှိခြင်း၊ ပိုင်ဆိုင်မှုရှင်းလင်းခြင်းနှင့် ကျူးကျော်အဆောက်အအုံ နေထိုင်သူမရှိခြင်းတို့ကြောင့် ရှင်းလင်းမှုရှိသည့် လုပ်ငန်း (၁၃) ခုအား တန်ဖိုးတွက်ချက်ရန်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၅။ | ပုဂ္ဂလိကပိုင် | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (၁၇)ခုတွင် ပိုင်ဆိုင်မှုမရှင်းလင်းခြင်း၊ ကျူးကျော်အဆောက်အအုံ နေထိုင်သူများရှိခြင်းတို့ကြောင့် ရှင်းလင်းမှုမရှိသည့် လုပ်ငန်း (၃)ခုအား စီးပွား/ကူးသန်းဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းပေးရန်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၆။ | ပုဂ္ဂလိကပိုင် | ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်မှ ရောင်းချခဲ့သည့် စွမ်းအင်ဝန်ကြီးဌာနပိုင် စက်သုံးဆီအရောင်းဆိုင်များ (မြေအပါအဝင်)ကို လွှဲပြောင်းရောင်းချခွင့်၊ အခြားနည်း အသုံးပြုခွင့်၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခွင့်၊ ရှယ်ယာထည့်ဝင်ခွင့်၊ အပေါင်ထားခွင့် ဆောင်ရွက်လိုသည့် ကိစ္စရပ်များအပေါ် မူဝါဒချ သဘောထား ချမှတ်ရန်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၇။ | ပုဂ္ဂလိကပိုင် | ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ရှိ အမှတ် (၁၇)သစ်စက်မြေ (၃ ဒသမ ၇၇၃)ဧကအား ပတ်ဝန်းကျင်/သစ်တောဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းခွင့်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၈။ | ပုဂ္ဂလိကပိုင် | ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အနော်ရထာလမ်း အမှတ် (၉၁/၉၃)ရှိ ပြည်သူပိုင်သိမ်း တိုက်ခန်းအား မူလပိုင်ရှင်ဖြစ်သည့် ငှားရမ်း နေထိုင်သူ ဒေါက်တာဒေါ်မြမြအေးသို့ ဆက်လက်ငှားရမ်းခွင့်ကိစ္စ | ၂၃-၂-၂၀၁၆ |
| ၅၉။ | စစ်ကိုင်း | ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ပြလမ်းများဖြစ်သော အနော်ရထာလမ်း (၁ ဒသမ ၁၆၇) ဖာလုံ၊ တပင်ရွှေထီးလမ်း (၂ ဒသမ ၇၄)ဖာလုံနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း (၇ ဒသမ ၂၈၇) ဖာလုံတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၃-၂-၂၀၁၆ |
| ၆၀။ | စစ်ကိုင်း | အိုင်းယား-ထန်းတောကုန်းလမ်း(၁)မိုင် (၆)ဖာလုံကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၃-၂-၂၀၁၆ |
| ၆၁။ | စစ်ကိုင်း | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများအဖြစ် သိမ်းသွင်းဆောင်ရွက်နိုင်ရန် တင်ပြသည့်ကိစ္စ | ၃-၂-၂၀၁၆ |
| ၆၂။ | ပဲခူး | ပဲခူးမြို့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း နယ်မြေ(၁)၊ ရပ်ကွက် (၉)ရှိ မြေဧက (၂၆၉ ဒသမ ၄၅)တွင် ဟံသာဝတီ အဆင့်မြင့်အိမ်ရာစီမံကိန်း လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၂-၂-၂၀၁၆ |
| ၆၃။ | ပဲခူး | အင်းတကော်မြို့ရှိ မြေဧက(၂၅၀၀)တွင် ဟံသာဝတီ စက်မှုဥယျာဉ်စီမံကိန်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြသည့်ကိစ္စ | ၂-၂-၂၀၁၆ |
| ၆၄။ | မွန် | ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် အတ္ထရံမြစ်မှ မြစ်ရေကိုသန့်စင်၍ ဖြန့်ဝေခြင်းလုပ်ငန်းကို BOT စနစ်ဖြင့် ဆောင်ရွက်မည့်အခြေအနေ တင်ပြသည့်ကိစ္စ | ၇-၁-၂၀၁၆ |
| ၆၅။ | မွန် | မုဒုံမြို့နယ် အဝေးပြေးဂိတ် ယာဉ်ရပ်နားစခန်း တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေ တင်ပြခြင်းကိစ္စ | ၂၇-၁-၂၀၁၆ |
| ၆၆။ | ရန်ကုန် | အဆင့်မြင့်လက်ကားဈေး (တည်င်းကုန်း)ဖွင့်လှစ်ရန် မြေနေရာ လွှဲပြောင်းရယူနိုင်ရေး တင်ပြသည့်ကိစ္စ | ၂၇-၁-၂၀၁၆ |
| ၆၇။ | ရှမ်း | လွိုင်လင်မြို့ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် ပူးပေါင်းဖွင့်လှစ်မည့်ကိစ္စ | ၂၇-၁-၂၀၁၆ |
| ၆၈။ | ဧရာဝတီ | ဒန်ဆန်း အပြည်ပြည်ဆိုင်ရာပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ခြင်း၊ ရန်ကုန်- ဒန်ဆန်း အဝေးပြေးလမ်းတည်ဆောက်ခြင်း စီမံကိန်းနှင့် ဒန်ဆန်း 1000 MW (LNG) Terminal Power Plant စီမံကိန်းများအတွက် Proposal တင်ပြသည့်ကိစ္စ | ၂၃-၂-၂၀၁၆ |

(သတင်းစဉ်)

## မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

အကောက်ခွန် ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုး စီမံချက် အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၅၂ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများ နှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၅၂၁၂၇၆ စီး ဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန်(CD) ၇၂၇၆၅၄ ဒသမ ၃၀ ကျပ်သန်း ကုန်သွယ်လုပ်ငန်းခွန် (CT) ၆၄၁၇၆၅ ဒသမ ၇၉ ကျပ်သန်း၊ စုစုပေါင်း ၁၃၆၉၄၂၀ ဒသမ ၀၉ ကျပ်သန်းကို ကောက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ အကောက်ခွန် (CD) နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT) များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့်ယာဉ်များအနက် ယာဉ်အိုယာဉ်ဟောင်းအစားထိုး လဲလှယ်ရေး စီမံချက်အတွက် ၁၃၅၅၇၄ စီး၊ ကားအရောင်းပြ ခန်းများအတွက် ၁၁၅၆၃၇ စီး၊ သဘော်သားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက်အစီး ၇၃၀၊ ပြည်ပနေ အလုပ်လုပ်ကိုင်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်/ခရီးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၆၄၀၈၃ စီး တို့ဖြစ်ကြောင်း သိရသည်။

(ဝင်းမြင့်)

## သောက်သုံးရေအခက်အခဲဖြစ်ပေါ်လာနိုင်သည့်ကျေးရွာများ စစ်ဆေး

**ချောင်းဆုံ ဖေဖော်ဝါရီ ၂၅**

ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နွေရာသီတွင် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်လာနိုင်သောကျေးရွာများဖြစ်သည့် ခရိုက်ဒူးကျေးရွာအုပ်စု ဝယ်စုကနိအစုဥ္ လက်ရှိသောက်သုံးရေသုံးစွဲမှုအခြေအနေပြတ်လပ်မှု ရှိ - မရှိအခြေအနေများနှင့် ရေပြတ်လပ်မှုဖြစ်ပေါ်လာပါက မြို့နယ်အတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၂ ရက်တွင် ကွင်းဆင်းကြည့်ရှု၍ ဒေသခံများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်သိန်း(ကျေးလက်)**

❑ ကျော်ဖုံးမှ

ဖြေ။ Spectrum က နိုင်ငံရဲ့ ရှားပါးသယံဇာတဖြစ်ပါတယ်။ ဒါကိုလည်း ကုမ္ပဏီတစ်ခုတည်းကို အပြီးပေးထားလို့မရပါဘူး။ ကျွန်တော်တို့က ၁၅နှစ် ငှားရမ်းမှုနဲ့ သွားမယ်လို့ မူဝါဒချမှတ်ထားတာရှိပါတယ်။ ၁၅နှစ် ပြည့်သွားရင် တင်ဒါတစ်ခေါက်ပြန်ခေါ်ပြီး အောင်မြင်သူကိုသာ ငှားရမ်းသွားမှာဖြစ်ပါတယ်။ Spectrum တွေကနေ နိုင်ငံ့ဝင်ငွေကိုလည်း တိုးတက်လာတာ သာဓကတွေရှိပါတယ်။ အော်ပရေတာတွေ ချထားပေးတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ဘီလီယံကို ရရှိထားတာဖြစ်ပါတယ်။

ဒါပေမယ့် Spectrum ငှားရမ်းမှု ပုံစံက အလွန်အရေးကြီးပါတယ်။ တင်ဒါဈေးနှုန်း မြင့်မယ်ဆိုရင် သုံးစွဲသူပြည်သူတွေအတွက် အသုံးပြုခကများမှာဖြစ်သလို ဈေးသက်သာမယ်ဆိုရင်လည်း နိုင်ငံ့ဝင်ငွေကျဆင်းစေနိုင်ပါတယ်။ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ကလည်း အတွေ့အကြုံအားနည်းသလို HR ကဏ္ဍမှာလည်း အားနည်းချက်တွေရှိတာကြောင့် ကမ္ဘာ့ဘဏ်ရဲ့အကူအညီနဲ့ အကြံပေးအဖွဲ့တွေ ရွေးချယ်ငှားရမ်းပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

အခုလက်ရှိမှာ နည်းဥပဒေပိုင်း၊ Spectrum Roadmap ရေးဆွဲမှုအပိုင်းနဲ့ ဆောင်ရွက်မှုအပိုင်းဆိုပြီး ခွဲခြားထားပါတယ်။ ပထမဆုံးကတော့ တစ်ဦးတစ်ယောက်ကို ရွေးချယ်တာမျိုးမဟုတ်ဘဲ ပွင့်လင်းမြင်သာစွာနဲ့ ရွေးချယ်သွားမယ်ဆိုတာ ပြောပြချင်ပါတယ်။

၂၀၁၄ခုနှစ် အော်ပရေတာကုမ္ပဏီတွေ ချထားပြီးချိန်ကနေစပြီး ကမ္ဘာ့ဘဏ်ရဲ့အကူအညီနဲ့ Nordi City လုပ်ငန်းစုကို အကြံပေးအနေနဲ့ Spectrum လုပ်ကိုင်မှုဆိုင်ရာတွေအတွက် ငှားရမ်းထားပြီးဖြစ်ပါတယ်။ အကြံပေးတွေရဲ့ ညွှန်ကြားမှုအတိုင်း ဥပဒေ၊ နည်းဥပဒေတွေကို အကောင်အထည်ဖော်ခဲ့ပြီး ယခုအခါ နည်းဥပဒေနဲ့ ဥပဒေတွေ ထွက်ရှိဖို့ ရှိပါတယ်။ ဒ့ါအပြင် Spectrum Road Map ရေးဆွဲမှုမှာလည်း ဖေဖော်ဝါရီ ၂ရက်မှာ ဝန်ကြီးဌာနဝက်ဘ်ဆိုက်မှာ တင်ထားပြီး အများပြည်သူသိရှိဝေဖန်အကြံပြုနိုင်ဖို့ တင်ပြထားပါတယ်။ လာမယ့် ဖေဖော်ဝါရီ ၂၉ရက် နောက်ဆုံးထားပြီး အကြံပြုဝေဖန်ချက်တွေ လက်ခံပေးသွားမှာဖြစ်ပါတယ်။

Spectrum Option အတွက် စိတ်ဝင်စားတဲ့ ကုမ္ပဏီတွေကို ခေါ်ပြီး ရှင်းပြပါတယ်။ ဖေဖော်ဝါရီ ၃ရက်မှာ လိုအပ်တဲ့မူကြမ်းတွေကို ဝန်ကြီးဌာန ဝက်ဘ်ဆိုက်မှာ တင်ထားပေးပြီး သတင်းစာတွေမှာလည်း ထည့်သွင်းကြေညာထားပါတယ်။

**မေး။ 4G ဒေတာသုံးစွဲနိုင်ဖို့ Spectrum ဘယ်နှမျိုးရှိသလဲရှင့်။ လက်ရှိ တင်ဒါခေါ်တာက 2600 MHz ကို တင်ဒါခေါ်တယ်လို့ သိရပါတယ်။ ဘာကြောင့် 2600 MHz ကို ရွေးချယ်ရတာလဲ။**

ဖြေ။ 4G မိဖို့ Spectrum သုံးနိုင်တဲ့ နိုင်ငံတကာစံနှုန်းက သုံးမျိုးရှိပါတယ်။ 2600၊ 1800 နဲ့ 700 MHz တို့ ဖြစ်ပါတယ်။ 700 MHz ဟာ Broadcasting နည်းနဲ့ ပြည်တွင်းပြည်ပချိတ်ဆက်တာဖြစ်လို့ ခွင့်ပြုညှိနှိုင်းမှုတွေကို အများကြီးလုပ်ဖို့ လိုအပ်တာကြောင့် ကြာမြင့်နိုင်ပါတယ်။ 1800 MHz တွေကိုလည်း လက်ရှိချထားပေးတဲ့ မိုဘိုင်းအော်ပရေတာတွေကို အဆင့်ဆင့် တိုးမြှင့်လုပ်ဆောင်ဖို့အတွက် လျာထားတာမို့ လုပ်ဆောင်ဖို့ အဆင်မပြေတာကြောင့် 2600 MHz ကိုရွေးချယ်တာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာ 2600 MHz ကို ၂၀၀၉ခုနှစ်ကတည်းက ရတနာပုံနဲ့ Red Link ကုမ္ပဏီတို့ကို ချထားပေးခဲ့တာရှိပါတယ်။ ဒါပေမယ့် Spectrum သုံးစွဲမှုအပိုင်းမှာ အခကြေးငွေကောက်ခံခဲ့တာ လုံးဝမရှိပါဘူး။ အခုတော့ ပွင့်လင်းမြင်သာပြီး နိုင်ငံတကာစံချိန်စံညွှန်းနဲ့ ဆောင်ရွက်တဲ့အချိန်ဖြစ်လာလို့ သုံးနေတဲ့ကုမ္ပဏီတွေကိုလည်း အများသူငါနည်းတူ တင်ဒါဝင်ရောက်ရွေးချယ်ဖို့ တိုက်တွန်းထားပါတယ်။ အဲဒီနေရာမှာ လက်ရှိသုံးနေတဲ့ သုံးစွဲသူတွေအတွက်လည်း ထည့်ပြီးစဉ်းစားထားတဲ့အပြင် တကယ်လို့သာ Spectrum သုံးစွဲမှု လေလံကနေ သုံးစွဲခွင့်ဈေးနှုန်းတွေထွက်တာနဲ့ လက်ရှိ Spectrum သုံးစွဲခွင့်ရတဲ့ လုပ်ငန်းတွေဟာ ၂၀၀၉ခုနှစ်ကတည်းက သုံးစွဲခဲ့တဲ့ သုံးစွဲခနှုန်းကို ပေးဆောင်ရမှာဖြစ်ပါတယ်။ ဒါကိုလည်း ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ညှိနှိုင်းပေးသွားမှာဖြစ်ပါတယ်။

**မေး။ လက်ရှိသုံးစွဲနေတဲ့ ကုမ္ပဏီအနေနဲ့ရော ဝင်ရောက်ယှဉ်ပြိုင်သွားမှာလား။ ပြည်သူတွေကြားမှာ အစိုးရ အကူးအပြောင်းမရောက်မီ အလျင်အမြန် တင်ဒါကိစ္စဆောင်ရွက်နေတယ်လို့ ဝေဖန်မှုတွေ ထွက်ပေါ်နေတာကိုရော ဒုတိယဝန်ကြီးအနေနဲ့ ရှင်းပြပေးပါဦး**

ဖြေ။ Spectrum လေလံတင်ဖို့ကိစ္စက အရေးတကြီးလိုအပ်နေတာအမှန်ပါပဲ။ နိုင်ငံတော်အနေနဲ့ ဝင်ငွေရမယ်။ ပြည်သူတွေလည်း ဖုံးဂျီသုံးစွဲနိုင်မယ်ဆိုရင် အကောင်းဆုံးပါ။ ဒါပေမယ့် လက်ရှိအသုံးပြုနေတဲ့အတိုင်းတော့ မဟုတ်တော့ဘူး။ ပွင့်လင်းပြီး စနစ်ကျတဲ့ တင်ဒါခေါ်ယူမှုတွေ လုပ်နေပါတယ်။ ကျွန်တော်တို့သွားနေတဲ့လမ်းစဉ်က လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်တာပါ။ အစိုးရအကူးအပြောင်းကာလနဲ့ မသက်ဆိုင်သလို လူတစ်ဦးချင်း၊ ကုမ္ပဏီတစ်ခုချင်းရဲ့ ကိစ္စလည်းမဟုတ်ပါဘူး။ လက်ရှိ Spectrum သုံးစွဲရရှိထားသူတွေကိုလည်း ဝင်ရောက်တင်ဒါရယူနိုင်သလို သူတို့အောင်မြင်ခဲ့ရင် သူတို့ရဲ့ သုံးစွဲသူတွေအတွက် ပိုပြီးအကျိုးရှိစေမှာဖြစ်ပါတယ်။ မတ်လအတွင်းမှာပဲ Spectrum Roadmap ထွက်ရှိနိုင်သလို ၂၀၂၀ ခုနှစ်မှာ National Broadcasting မဟာဗျူဟာအနေနဲ့ မိသားစုအားလုံးရဲ့ ၆၀ရာခိုင်နှုန်း သုံးစွဲနိုင်ရေး ကုလသမဂ္ဂရည်မှန်းချက်အတိုင်း ဆောင်ရွက်တာဖြစ်ပါတယ်။ ၂၀၁၄ခုနှစ်ကတည်းက လုပ်ဆောင်ခဲ့တာဖြစ်ပြီး Timing အရပြောရရင် ပုံမှန်အတိုင်းဖြစ်ပါတယ်။ ဖုန်းခေါ်ဆိုမှုအားလုံးနီးပါးအောင်မြင်လာတဲ့အတွက် ဒေတာ အသုံးပြုမှုကို မြှင့်တင်နေတာဖြစ်ပါတယ်။ ပြောရရင် Road Map က အခုအစိုးရလက်ထက်မှာ ထွက်ပေါ်လာမှာဖြစ်ပြီး တင်ဒါခေါ်ယူမှုတွေ၊ အောင်မြင်မှုတွေနဲ့ လုပ်ဆောင်ချက်တွေက နောက်အစိုးရလက်ထက်မှာ ဖြစ်သွားမှာပါ။ ဒါကြောင့် အစိုးရအပြောင်းအလဲမတိုင်မီ အရေးတကြီးလုပ်နေတာမဟုတ်ဘဲ လုပ်ငန်းစဉ်အတိုင်း လုပ်နေတာဖြစ်ပါတယ်။

**မေး။ 4G အတွက် 2600 MHzကို လေလံဘယ်အချိန်လောက် ပြီးစီးမလဲရှင့်။**

ဖြေ။ လုပ်ငန်းစဉ်တွေအားလုံးက ၂၀၁၇ခုနှစ် နှစ်ဆန်းပိုင်းမှာ ပြီးစီးပြီး စတင်လေလံရယူနိုင်မယ်လို့ ခန့်မှန်းပါတယ်။ Spectrum ရရှိသွားပြီဆိုရင်တော့ လူတိုင်းအသုံးပြုနိုင်တဲ့ 4G အင်တာနက်ကွန်ရက် ရရှိလာတော့မှာပါ။

လက်ရှိအချိန်သည် ဆက်သွယ်ရေးကဏ္ဍ၏ အောင်မြင်မှုရရှိနေသည့်အချိန်ဖြစ်ပြီး အော်ပရေတာလိုင်စင်များချထားပေးခဲ့ရာတွင်လည်း ပွင့်လင်းမြင်သာမှုရှိစွာ ရွေးချယ်ပေးနိုင်ခဲ့သည်။ ဥပဒေ၊ နည်းဥပဒေများ ချမှတ်ခြင်းမပြုမီကပင် အများပြည်သူများ အင်တာနက်မြန်နှုန်းမြင့် 4G နည်းပညာကို အသုံးပြုနိုင်ရန်အတွက် ပြည်တွင်းကုမ္ပဏီအချို့ကိုလည်း Spectrum သုံးစွဲမှု အခမဲ့ချထားကာ ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။ လာမည့်လအနည်းငယ်အတွင်းမှာပင် ပိုမိုစနစ်ကျနသည့် 4G ဝန်ဆောင်မှုကို တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်နိုင်ရန် နိုင်ငံတကာ ဆက်သွယ်ရေး ဥပဒေ၊ နည်းဥပဒေများနှင့် ပြည်တွင်းဥပဒေ၊ နည်းဥပဒေများအတိုင်းလိုက်နာကာ မူလက အခမဲ့အသုံးပြုခွင့်ပေးအပ်သည်ကို ပယ်ဖျက်ကာ Road Map များအတိုင်း အကောင်အထည်ဖော်ပြီး တင်ဒါခေါ်ဆိုခြင်းမှသည် ပွင့်လင်းမြင်သာသော ဆက်သွယ်ရေးကဏ္ဍသစ်ကို ဖွင့်လှစ်၍ ဝန်ဆောင်မှုကောင်းများ ပေးအပ်နိုင်တော့မည်ဖြစ်ပါကြောင်း။

## မအူပင် သဘာဝငါးမွေးမြူရေးကန်၌ ကမ္ဘာ့ရှားပါးငှက်မျိုးစိတ်စာရင်းဝင် မြန်မာ့မျိုးရင်း ကြိုးကြာခေါင်းနီငှက်များ လာရောက်ကျက်စား

**မအူပင် ဖေဖော်ဝါရီ ၂၅**

ကမ္ဘာ့ရှားပါး ငှက်မျိုးစိတ်စာရင်းဝင် ကြိုးကြာခေါင်းနီ(မြန်မာ့မျိုးရင်း) ငှက်များ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မလတ်တိုကျေးရွာရှိ Orchard Farm သဘာဝငါးမွေးမြူရေးကန်အတွင်း လာရောက်ကျက်စားနေထိုင်လျက်ရှိကြောင်း ငှက်ကြည့် ဝါသနာရှင်များထံမှ သိရသည်။

"ကြိုးကြာငှက်ရဲ့ အသံက သာယာတယ်။ မနက်စောစော ၆ နာရီလောက်ထကြည့်မှ သူ့ကိုတွေ့ရတာ။ ဒီအချိန်က ကြိုးကြာ သားပေါက်ချိန်ဆိုတော့ တွေ့ဖို့နည်းနည်းခက်တယ်။ အရင်တစ်ခါ လာကြည့်တုန်းက နှစ်ကောင်တွေ့တယ်။ မှတ်တမ်းတင်ထားတာရှိတယ်" ဟု နှစ်စဉ်လာရောက်လေ့ရှိသည့် ငှက်ကြည့်ဝါသနာရှင် မသန္တာက ပြောသည်။

ကြိုးကြာငှက်များကို အိန္ဒိယ၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် နိုင်ငံတို့တွင် တွေ့ရလေ့ရှိပြီး မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီး၌ ကြိုးကြာကောင်ရေအများဆုံး တွေ့ရကြောင်းနှင့် ယခုတွေ့ရသည့် ကြိုးကြာမှာ မြန်မာ့မျိုးရင်း ကြိုးကြာခေါင်းနီဖြစ်ပြီး ရှားပါးငှက်မျိုးစိတ်ဖြစ်ကြောင်း International Crane Foundation အဖွဲ့မှ သိရသည်။

ရှားပါးကြိုးကြာငှက် စာရင်းကောက်ယူရန် Orchard Farm သို့ လာရောက်သည့် ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနမှ ဒေါက်တာမျိုးစန္ဒာဝင်းက "Orchard Farm ထဲမှာ ကြိုးကြာခေါင်းနီတွေ တွေ့ရတယ်ဆိုလို့ စာရင်းကောက်ဖို့ လာခဲ့တာ။ ဧရာဝတီတိုင်းဒေသကြီးက ကြိုးကြာကောင်ရေအများဆုံးပဲ။ ကြိုးကြာခေါင်းနီကတော့ မြန်မာ့မျိုးရင်းပဲ။ မြန်မာနိုင်ငံမှာပဲ အဓိကတွေ့ရတယ်။ ကြိုးကြာက မျိုးသုဉ်းတော့မယ့် ငှက်မျိုးစိတ်ထဲမှာပါတယ်။ ဒါကြောင့် International Crane Foundation နဲ့ ပေါင်းပြီး ကြိုးကြာနေထိုင်ကျက်စားတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီး ခုနစ်ခုကို စာရင်းကောက်ဖို့လုပ်နေတယ်။ အခု မအူပင်ကို စကောက်တာ"ဟု ပြောသည်။



ကြိုးကြာခေါင်းနီ(မြန်မာ့မျိုးရင်း) ငှက်မျိုးကို Orchard Farm သဘာဝငါးမွေးမြူရေးကန်အတွင်း တွေ့ရစဉ်။

အဆိုပါ Orchard Farm သို့ နိုင်ငံတကာမှ ငှက်ကြည့်ဝါသနာရှင်များ၊ ပြည်တွင်းရှိ တက္ကသိုလ်များမှ သတ္တဗေဒကျောင်းသား ကျောင်းသူများနှင့် သုတေသနပြုနေသူ စာတမ်းရှင်များ သုတေသနပြုမှတ်တမ်းတင်ရန် လာရောက်လေ့ရှိပြီး ၂၀၀၂ ခုနှစ်တွင် ငှက်ဝါသနာရှင်အသင်း၏ စာရင်းကောက်ယူတွေ့ရှိချက်အရ ငှက်မျိုးစိတ် ၅၆ မျိုးရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှ ဒေါက်တာ ဂျွန်ဘီဆေးလ် ခေါင်းဆောင်သည့် ငှက်ကြည့်ဝါသနာရှင်အသင်းမှ စစ်တမ်းကောက်ယူခဲ့ရာ အမျိုးပေါင်း ၁၄၀ ကျော် တွေ့ရှိခဲ့ကြောင်းသိရသည်။

"အထူးသဖြင့် ငှက်ကြည့်တဲ့သူတွေက ကြိုးကြာငှက်ကို စိတ်ဝင်စားလို့လာတာ။ ကြိုးကြာငှက်က ဒီမှာ တစ်နှစ်လုံးနေတယ်။ အခုဆို လေးကောင်ရှိသွားပြီ။ နောက်ပြီး စပါးခင်းကိုလည်း ငှက်တွေစားဖို့ သပ်သပ်လုပ်ပေးထားတယ်။ ငါးကန်မှာလည်း ငှက်တွေလာစားရင် မပစ်ရဘူးလို့မှာထားတော့ ငှက်တွေက လွတ်လွတ်လပ်လပ်နေလို့ရနေတယ်။ ပထမတုန်းက ငှက်တွေကမများသေးဘူး။သစ်ရိပ်ဝါးရိပ်ကလည်း ကောင်းတော့ နောက်ပိုင်း ဆောင်းခိုငှက်တွေပါ ရောက်လာကြတာ။ သုတေသနပြုသူတွေ၊ ငှက်ဝါသနာရှင်တွေက ပြည်တွင်းကရော ပြည်ပကပါ ငှက်ကြည့်ဖို့ လာကြပါတယ်။ သူတို့လာကြည့်ရင် အဆင်ပြေအောင် ကန်ဘောင်တွေပေါ်မှာ ငှက်ကြည့်စင် တွေပါလုပ်ပေးထားတယ်"ဟု Orchard Farm ပိုင်ရှင်ဒေါက်တာ မြင့်စိန်က ပြောသည်။

နယ်သာလန်နိုင်ငံသား သုတေသနပညာရှင် Mr. Roel H.BOSMA က "ဗီယက်နမ်တို့ ဖိလစ်ပိုင်တို့မှာတောင် ဒီလို Farmမျိုးကိုမတွေ့ဖူးဘူး။ ငါးကန်ကလည်း သဘာဝအတိုင်းရှိတယ်။ စပါးခင်းကလည်းရှိတယ်။ သစ်ပင်တွေကလည်း အမျိုးအစားကွဲပြားတယ်။ ဝါးပင်တွေကလည်း များပြားတယ်။ ဂေဟစနစ်တစ်ခုလုံးကောင်းကောင်းမွန်မွန်ရှိနေတယ်။ ငှက်တွေကလည်း အမျိုးအစားစုံလင်တော့ သဘာဝကပေးတဲ့ ကောင်းမွန်မှုကို ခံစားနေရတယ်လို့ကိုထင်မိတယ်။ တကယ့်ကို သဘာဝအတိုင်းစနစ်တကျရှိနေတဲ့ အနေအထားဖြစ်ပါတယ်"ဟု ပြောသည်။

သဘာဝ ငါးမွေးမြူရေးကန်ဖြစ်သည့် မအူပင်ခရိုင်အတွင်းရှိ Orchard Farm တွင် မယ်ညိုငှက်၊ စစ္စလီ၊ တစ်တီတူး၊ ဗျိုင်း၊ ဒင်ကျီး၊ ငဟစ်၊ စွန်၊ သိန်းငှက်၊ လင်းဝက် အစရှိသည့် ငှက်များအပြင် ကမ္ဘာ့ရှားပါးငှက်မျိုးများဖြစ်သည့် ကြိုးကြာခေါင်းနီ (မြန်မာ့မျိုးစိတ်ရင်း)၊ စာဘုန်းကြီး၊ ငှက်ကြီးဝန်ပို၊ ငှက်ကြား၊ ခရုစုပ်ငှက်များနှင့် ဆောင်းခိုငှက်များကိုတွေ့ရလေ့ရှိပြီး ၂၀၁၅ ခုနှစ်ကလည်း ဟသ်ာငှက်ကောင်ရေ ၄၀၀ နီးပါး လာရောက်ကျက်စားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အကြီးဆုံးရေချိုကန်ဖြစ်သော အင်းတော်ကြီးကန်တွင်လည်း ရှားပါးကြိုးကြာခေါင်းနီငှက်မျိုးစိတ်ကို တွေ့ရပြီး ကမ္ဘာတစ်ဝန်း ခြိမ်းခြောက်ခံနေရသော အခြားမျိုးစိတ် ငှက်မျိုးပေါင်း ၁၀၀ ကျော် နေထိုင်ကျက်စားလေ့ရှိကြောင်း၊ အဆိုပါနေရာသို့ ငှက်ကြည့်သူများနှင့် ခရီးသွားဧည့်သည်များ အများအပြား လာရောက်လေ့ရှိကြောင်း မှတ်တမ်းများအရ သိရသည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ -သန္တာ**


နွားနို့တိုက်ပါ




ကိုယ်ခန္ဓာ ဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေး ကောင်းစေဖို့
အသားအရေ လှပစေဖို့
ကျောင်းနေအရွယ် သင့်ကလေးကို
နွားနို့တိုက်ပါစို့

ပြည်တွင်းရေးရာ

# မြစ်ရေမြင့်တက်လာမည်ဖြစ်၍ ရေယာဉ်များခုတ်မောင်းရန် ရေလမ်းသတိပေးချက် ထုတ်ပြန်

မန္တလေး ဖေဖော်ဝါရီ ၂၅

ကချင်ပြည်နယ်တစ်ဝိုက် မိုးရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေမြင့်တက်လာမည်ဖြစ်၍ မြစ်ကြောင်းသွားရေယာဉ်များအန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်ရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(အထက်မြန်မာပြည်)မှ ရေလမ်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။



မြစ်ကြီးနားတွင် ဧရာဝတီမြစ်ရေသည် ၁၂ ပေခန့်မြင့်တက်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(နေပြည်တော်)မှ ရေယာဉ်များ အန္တရာယ်ကင်းရှင်းရေးအတွက် ဖေဖော်ဝါရီ ၂၄ ရက်က သတင်းထုတ်ပြန်ခြင်းဖြစ်သည်။

"မြစ်ရေ အောက်ဘက် ဆင်းလာတာကို ရေစီးနှုန်းနဲ့တွက်ရင် နောက်ရက်မှာ မန္တလေးရောက်လာမယ်။ မြစ်ကြောင်းတစ်လျှောက် ရေပြင်ကျယ်လာတယ်ဆိုပြီး ရေယာဉ်တွေက လမ်းကြောင်းပြောင်းလို့ မဖြစ်ဘူး။ မူလရေလမ်းကြောင်းအတိုင်းမောင်းသင့်တယ်"ဟု ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(မန္တလေး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက ပြောသည်။

ထူးခြားမြစ်ရေတက်နေစဉ်ကာလတွင် ရေအနက်မလုံလောက်သော ရေမြှုပ်ပေါ်ဖြတ်လမ်းများအသုံးပြုခုတ်မောင်းခြင်းမပြုရန်၊ ရေလမ်းညွှန်ဌာနမှ သတ်မှတ်ပေးထားသည့် မူလရေလမ်းကြောင်းကိုသာ အသုံးပြုခုတ်မောင်းကြရန်၊ မြစ်ကူးတံတားကြီးများအောက် ဖြတ်သန်းရာတွင် သတ်မှတ်ဝင်၊ ထွက်ပေါက်မှ ရေယာဉ်၏ စက်အား၊ ဝန်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ခုန်မောင်းဖြတ်သန်းကြရန်နှင့် တွဲရေယာဉ်များသည် တွဲတစ်တွဲချင်းသာ ချိတ်ဆက်ဖြတ်သန်းကြရန်နှင့် အစုန်ရေယာဉ်ကို ဦးစားပေးမောင်းနှင်ကြရန်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

"ရေတက်တာမြန်ရင် ရေကျတာလည်း မြန်တယ်။ စိုးရိမ်ရမယ့်အနေအထားမဟုတ်ပေမယ့် ရေယာဉ်တွေ သတိထားမောင်းရမှာပါ။ ၂၃ ရက်က ဗန်းမော်မှာ ရေအမှတ် ၃၅၉ စင်တီမီတာရှိရာက မြစ်ကြီးနားက ရေတွေဆင်းလာတော့ ၂၅ ရက်မှာ ၅၅၁ စင်တီမီတာထိ မြင့်တက်လာတယ်။ အနောက်တောင် လေကြောင့် အထက်ပိုင်းမှာ မိုးရွာလို့ မြစ်ရေတိုးတာပါ"ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (မန္တလေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်က ပြောသည်။

ဖေဖော်ဝါရီ ၂၅ ရက်က မန္တလေး ဧရာဝတီဆိပ်ကမ်းတွင် ၃၄၈ စင်တီမီတာနှင့် စစ်ကိုင်းတွင် ၂၃၃ စင်တီမီတာရှိသော်လည်း လာမည့်ရက်များတွင် ယင်းရေမှတ်များအထက် ငါးပေခန့် မြင့်တက်လာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ခန့်မှန်းချက်ထုတ်ပြန်ထားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းအား စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးတင်မြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာဒေါ်ရီအေး<br>ဒုတိယပါမောက္ခချုပ်<br>သမဝါယမတက္ကသိုလ်(စစ်ကိုင်း)<br>သမဝါယမဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သမဝါယမတက္ကသိုလ်(စစ်ကိုင်း)<br>သမဝါယမဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာဝင်းထွန်း<br>ဒုတိယပါမောက္ခချုပ်<br>မုံရွာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လူ့စွမ်းအားအရင်းအမြစ်နှင့်<br>ပညာရေးစီမံကိန်းဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |



## ငါးဖမ်းနေသူကိုကိုက်သော ကျားအား အသေဖမ်းဆီး

ကော့ကရိတ် ဖေဖော်ဝါရီ ၂၅

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ရေလည်ကုန်းကျေးရွာတွင် ယနေ့နံနက်ပိုင်းက ငါးဖမ်းနေသောရွာသားနှစ်ဦးကို တောတွင်းမှ ကျားတစ်ကောင်လာရောက်ကိုက်ခဲ့ကြောင်း သိရသည်။

ကော့ကရိတ်မြို့နယ် ရေလည်ကုန်းကျေးရွာနေ ဦးချစ်မြ အသက်(၄၇)နှစ်နှင့် အောင်ထွန်းလင်း အသက်(၁၈)နှစ်တို့ နှစ်ဦးသည် ယနေ့နံနက် ၄ နာရီခွဲ ခန့်က အင်းအတွင်း ငါးဖမ်းပိုက်ချနေစဉ် ကျားကိုက်ခံရ၍ ကော့ကရိတ်ပြည်သူ့ဆေးရုံသို့ နံနက် ၆ နာရီခန့်က ရောက်ရှိပြီး ဆေးကုသခံလျက်ရှိကြောင်း မောင်အောင်ထွန်းလင်းမှာ ဒဏ်ရာအနည်းငယ်ပြင်းထန်ကြောင်း ကော့ကရိတ်ပြည်သူ့ဆေးရုံမှ တာဝန်ကျဆရာဝန်များထံမှ သိရသည်။

အဆိုပါဖြစ်စဉ်သိလျှင်သိချင်း နယ်မြေခံရဲတပ်ဖွဲ့နှင့်အမှတ်(၁၀၁၆) နယ်ခြားစောင့်တပ်ဖွဲ့တို့ ပူးပေါင်းကာ ကျားကို လိုက်လံဖမ်းဆီးစဉ် ရဲသားတစ်ဦးအား ခုန်အုပ်သဖြင့် ပစ်ခတ်၍ အသေဖမ်းဆီးခဲ့ရကြောင်းသိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

## ရေဦးမြို့တွင် ရေခဲသေတ္တာ အပူလွန်ကဲရာမှ မီးလောင်

ရေဦး ဖေဖော်ဝါရီ ၂၅

နေအိမ်မီးဖိုခန်းအတွင်းရှိ ရေခဲသေတ္တာအပူချိန်လွန်ကဲရာမှ မီးလောင်သည့်ဖြစ်ရပ် ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၃ နာရီကျော်က ရေဦးမြို့ အောင်ချမ်းသာရပ်ကွက်တွင် ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ရေဦးမြို့ အောင်ချမ်းသာရပ်ကွက်တွင် နေထိုင်သူ ဘိုဦးသည်ဈေးသွားနေစဉ် နေအိမ်မီးဖိုခန်းတွင်ထားသော ရေခဲသေတ္တာ အပူချိန်လွန်ကဲပြီး မီးစတင်လောင်ကျွမ်းရခြင်းဖြစ်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## တောမီးလောင်ရာမှ ထပ်ဆင့်လွှင့်စက်ရုံ မီးကူးစက်ခံရ

စစ်ကိုင်း ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာ ရွှေမြင်တင်တောင်တွင် တောမီးလောင်ကျွမ်းမှုကြောင့် အဆိုပါတောင်ပေါ်ရှိ မိုက်ခရိုဝေ့ဖ် တယ်လီဖုန်းလိုင်းထပ်ဆင့်လွှင့်စက်ရုံခြံစည်းရိုးကိုကျော်လွန်၍ စက်ရုံမြောက်ဖျားရှိ ၂၁ ပေပတ်လည်သွပ်မိုးတစ်ထပ် BARSTATION အဆောက်အအုံဟောင်းကို မီးကူးစက်လောင်ကျွမ်းမှုသည် ဖေဖော်ဝါရီ ၂၄ ရက်ညနေ ၅ နာရီ ၄၅ မိနစ်မှစ၍ ည ၈ နာရီအထိ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မင်းကွန်းကျေးရွာစခန်းမှူး ရဲအုပ်သိန်းဇော်ဝင်းနှင့်အဖွဲ့ MPT တယ်လီဖုန်းလိုင်း ရွှေမြင်တင်ထပ်ဆင့်လွှင့်စက်ရုံ စက်မှုကျွမ်းကျင်အဆင့်(၃) ဦးညွန့်လွင်နှင့် ဝန်ထမ်းလေးဦးတို့သည် ဒေသခံများနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ခြင်းကြောင့် မီးငြိမ်းခဲ့ပြီး ဆက်သွယ်ရေးမှာလည်း ပြတ်တောက်မှုမရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများအား စာမေးပွဲဝင်ခွင့်ကတ်ပြားများ ထုတ်ပေးနေမှုကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။ (ကြေးမုံ)

❖ **MNL မှ**

အောင်ဆန်းကွင်း၌ ရခိုင်အသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပွဲစဉ်(၇)အပြီးတွင် ရတနာပုံအသင်းက ၁၇ မှတ်ဖြင့် ထိပ်ဆုံး၌ ဦးဆောင်လျက်ရှိပြီး ဟံသာဝတီအသင်းက ၁၅ မှတ်ဖြင့် ဒုတိယ၊ ဇွဲကပင်အသင်းက ၁၄ မှတ်ဖြင့် တတိယနေရာတို့တွင် ရပ်တည်နေသည်။ ဇေယျာရွှေမြေအသင်းနှင့် ဧရာဝတီအသင်းတို့က ၁၂ မှတ်စီ၊ လက်ရှိချန်ပီယံ ရန်ကုန်အသင်းက ၁၀ မှတ်၊ မကွေးအသင်းက ကိုးမှတ်၊ ရှမ်းယူနိုက်တက်အသင်းက ခုနစ်မှတ်၊ ရခိုင်အသင်းက ခြောက်မှတ်၊ ချင်းယူနိုက်တက်အသင်းက ငါးမှတ်၊ Horizon အသင်းက လေးမှတ်၊ Southern အသင်းက နှစ်မှတ်တို့ရရှိထားသည်။

အမှတ်ပေးဇယားထိပ်ဆုံးတွင် ရှုံးပွဲမရှိ ဦးဆောင်နေသည့် ရတနာပုံအသင်းနှင့် အိမ်ကွင်းနိုင်ပွဲမရသေးသည့် ရှမ်းယူနိုက်တက်အသင်းတို့ပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်လာနိုင်ပြီး ဒုတိယနေရာတွင် ရပ်တည်နေသည့် ဟံသာဝတီအသင်းမှာ အဆင့်လေးနေရာမှ ဇေယျာရွှေမြေနှင့် ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။ ယခုတစ်ပတ်ပွဲစဉ်များတွင် ရှမ်းယူနိုက်တက်နှင့် မကွေးအသင်းတို့ ရလဒ်ဆိုးများမှ ရုန်းထွက်နိုင်ခြင်းရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

**သတင်း၊ ဓာတ်ပုံ-ရှိုင်းထက်ဇော်**

## မိုးရေချိန်စံချိန်သစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ အောက်ဖော်ပြပါစခန်း၌ ဖေဖော်ဝါရီလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

(ကြေးမုံ)

| စဉ် | စခန်းအမည် | မိုးရေချိန် စံချိန်သစ် | | မိုးရေချိန် စံချိန်ဟောင်း | | ယခင်စံချိန် ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | သီပေါမြို့ | ၃၆ | ၁.၄၂ | ၂၈ | ၁.၁၀ | ၂၇.၂.၂၀၀၀ | ၅၀ |

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၆ - ၂ -၂၀၁၆ (သောကြာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ ပြည်သူတို့ရဲ့ စကားသံများ
၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၉း၃၅ ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအ ထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (စိတ်ကြိုက်မြန်မာစာဘာသာရပ်)
၁၀း၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
၁၁း၁၅ Weekly Sport Info
၁၁း၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၉၂)
၁း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း-၁၀)
၂း၂၅ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂)
၂း၃၅ မြန်မာ့လေ့ရိုးရာလက်ဝှေ့ (မိုက်ရိုင်းနှင့် ဂျစ်တူး)
၃း၁၅ ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (ဓာတုဗေဒဘာသာရပ်)
၄း၃၅ Football Magazine (ရတနာပုံယူနိုက်တက်အသင်း)
၅း၃၅ Hyper Sport
၆း၃၅ The Farmer
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၁၁)
၈း၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၉၃) (ဇာတ်သိမ်းပိုင်း) -ချစ်သော၏ကမ္ဘာမြေ -သမိုင်းကိုဖော်ပြသောဝါကျများ (လူရွှင်တော်ကြီးဦးစိန်ရိုးနှင့် တွေ့ဆုံခြင်း) (ပထမပိုင်း)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်း သတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့် -အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၁)
၆း၂၀ ပြည်သူ့နီတိ "သင်္ဂါရမြားချက်"
၆း၄၀ ရောင်စုံရေးသီတေးပန်းချီ
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြေတဲ့နှင်းဆီ"(အပိုင်း-၇၁)
၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၁၇)
၈း၃၅ မှတ်မှတ်သားသားပုံပြင်များ "ခက်တင်မောင်းနင်း" (ဘလိတ်၊ စောမြတ်နိုး၊ စောယုနန္ဒာ) (ဒါရိုက်တာ-သီတာလင်း (laurel Art Academy)
၉း၁၀ မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း(ပဥ္စမခေတ်) (မင်းသမီး-ဝါဝါလှိုင်၊ လူရွှင်တော်-ချစ်စု၊ ဝမ်းဝမ်း၊ ယဉ်ကျေး၊ အောင်ပွင့်)
၁၀း၀၅ "လှပသောတမန်တော်" တရုတ်မသန်စွမ်းအနုပညာရှင်အဖွဲ့ ဖျော်ဖြေမှု
၁၀း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း ["ချိုးပြီးသားဖဲ " (ရဲတိုက်၊ ရန်အောင်၊ ခင်လေးနွယ်၊ သဉ္ဇာနွယ်ဝင်း) (ဒါရိုက်တာ -မီးပွား)]

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅း၄၀ "တန်ဖိုးရှိသောသဒ္ဓါနှင့် တန်ဖိုးမဲ့သော သဒ္ဓါ"တရားတော် [ဆရာတော်ဒေါက်တာ အရှင်ကုန္ဒာစရိယ (သီတဂူကထိက)]
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Cotton Concept ဆိုင်ခွဲသစ်ဖွင့်ပွဲအခမ်းအနား)
၈း၀၀ "မင်္ဂလာပါ"The Morning Show
၁၀း၁၀ ခေတ်သစ်ပျို့မေ
၁၀း၅၅ အနုပညာမိုးကောင်းကင်
၁၁း၂၀ Food & De'cor
၁၁း၄၅ MRTV-4 Stage
၁၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်"(အပိုင်း-၂၁)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမွှာ" (အပိုင်း-၂၈)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၁၄)
၄း၁၀ Cartoon Series (Welcome To Sky Ville)
၄း၅၀ ရန်ကုန်မြင်ကွင်းကျယ် (BFC 200 Babies Party)
၅း၅၀ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာ့ရုပ်ရှင်ကားများ ရုံတင်ပြသရေးစနစ် ပြောင်းလဲရန် ဆွေးနွေးဟောပြောပွဲအခမ်းအနား)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၁၅)
၇း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမွှာ" (အပိုင်း-၂၉)
၈း၁၅ ရသစုံညွှန်တမ်းများ
၈း၃၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၃၄)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်"(အပိုင်း-၂၂)
၉း၅၀ အနုပညာမိုးကောင်းကင်
၁၀း၁၅ MRTV-4 Stage
၁၀း၄၀ World of Knowledge (Undercover USA : Bath Salts)

## mitv

| | |
|---|---|
| 07:26 | Myanmar's Traditions and Culture "A stir about of Rainbows" |
| 07:50 | Kay Tu Mar Lar "The Decision" |
| 08:26 | YUFL |
| 08:40 | Young Talent "Animator Swan Thura Htun" |
| 08:46 | Civic Duty |
| 09:26 | Entrepreneur "Nan Ei Ei Zar" |
| 09:39 | Chanmyay Yeiktha Meditation Centre - Chaw Dwin Gone |
| 09:55 | Myanmar Puppet |
| 10:26 | The Eel Business (Fisherman the eel culture) |
| 10:41 | Myanmar Weaving |
| 10:53 | Temple Stalls |
| 07:27 | Travelogue: "Anyar Myay" or Upcountry (Part- III) |
| 07:43 | Serene and Fun Festivities of Yaw |
| 07:53 | Cosplayer |
| 08:26 | Architect: U Thaw |
| 08:51 | Myanmar Masterclass: Artist Khin Maung Zaw |

## ကြေးမုံ ရုပ်ရှင်အညွှန်း

ဖြိုးစန္ဒာမြင့်




# Hail, Caesar!

# ဟာသဒရမ်မာဇာတ်ကား ရုံတင်ပြသ

Hail, Caesar! အမည်ရ အမေရိကန် ဟာသဒရမ်မာဇာတ်ကားဟာ ၁၉၅၀ ခုနှစ်လောက်က ဟောလီဝုဒ်ရုပ်ရှင်လောကရဲ့ ထုတ်လုပ်သူအကြီးအကဲတစ်ယောက်ဖြစ်သူ Eddie Mannix ရဲ့ ကိုယ်ရေးကိုယ်တာ တကယ့်ဖြစ်ရပ်တွေအကြောင်းကို ပုံဖော်ထားတဲ့ဇာတ်ကားတစ်ကား ဖြစ်ပါတယ်။

ဒီဇာတ်ကားကို ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးက ဖြန့်ချိပြီး မင်းသား ဂျို့စ်ဘရိုလင်း၊ ဂျော့ဂျ်ကလွန်နီနဲ့ မင်းသမီး စကားလက်ဂျိုဟန်ဆန်တို့ ခေါင်းဆောင်ပါဝင်ထားပါတယ်။

အဆိုပါရုပ်ရှင်ဟာ ဟောလီဝုဒ်ရဲ့ ရုပ်ရှင်ရိုက်ကူးရေးတစ်ခုအတွင်း ရုတ်တရက်ပျောက်သွားခဲ့တဲ့ ရိုက်ကူးရေးအဖွဲ့ဝင်တစ်ဦးကို ရှာဖွေဖို့ရန်ကြိုးပမ်းခဲ့ပုံတွေကို ရိုက်ကူးတင်ဆက်ထားတာပါ။ ယင်းရုပ်ရှင်ကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁ ရက်က လော့စ်အန်ဂျလိစ်မှာ စမ်းသပ်ပြသခဲ့ပြီး ဖေဖော်ဝါရီ ၆ ရက်မှာ စတင်ရုံတင်ခဲ့တာပါ။ ဖေဖော်ဝါရီ ၁၁ ရက်က ပြုလုပ်ခဲ့တဲ့ (၆၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဘာလင်ရုပ်ရှင်ပွဲတော်ကိုလည်း ယင်းရုပ်ရှင်နဲ့ စတင်ဖွင့်လှစ်ခဲ့ပြီး ရုပ်ရှင်ဝေဖန်ရေးဆရာများရဲ့ အပြုသဘောဆောင်တဲ့ ထင်မြင်ချက်တွေရရှိခဲ့တဲ့ ဇာတ်ကားတစ်ကားလည်းဖြစ်ပါတယ်။ အခုအချိန်ထိ ရုံဝင်ငွေအားကောင်းနေဆဲ ဇာတ်ကားတစ်ကားလည်း ဖြစ်တယ်လို့ သိရပါတယ်။

ဒီဇာတ်ကားကို ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံတွေမှာ ဖေဖော်ဝါရီ ၂၆ ရက်မှာ စတင်ရုံတင်ပြသသွားမှာဖြစ်ပါတယ်။

# ယခုနှစ်ရဲ့ ဗြိတိန်ဆုပေးပွဲမှာ ဆုအများဆုံးသိမ်းပိုက်ခဲ့တဲ့ အဒဲလ်



ဗြိတိန်ပေါ့ပ်အဆိုတော် အဒဲလ်က ဖေဖော်ဝါရီ ၂၄ ရက်ညပိုင်းက လန်ဒန်မှာ ကျင်းပခဲ့တဲ့ ၂၀၁၆ ခုနှစ် ဗြိတိန်ဆုပေးပွဲကြီးမှာ ယခင်နှစ်တွေက ဆုအများဆုံးရရှိခဲ့တဲ့ ဗြိတိန်အမျိုးသားပေါ့ပ်တေးဂီတအဖွဲ့ "One Direction"ကို ကျော်လွန်ကာ ဆုလေးဆုသိမ်းပိုက်ရရှိခဲ့ပြီး ယင်းဆုပေးပွဲမှာ ဆုအရေအတွက် အများဆုံးရရှိခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါဆုပေးပွဲမှာ ဆုလက်ခံရယူခဲ့ပြီးတဲ့နောက် အမှတ်တရစကားပြောကြားစဉ်မှာ အဒဲလ်က ယခုလို အချိန်တွေအများကြီးကြာပြီးမှ ဂီတလောကထဲ ပြန်လည်ရောက်ရှိလာတဲ့သူ့အတွက် ပရိသတ်ရဲ့ နွေးထွေးစွာအားပေးကြိုဆိုမှုဟာ သူ့အတွက် အများကြီး အဓိပ္ပာယ်ပြည့်စုံသွားစေခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။ ယခုကျင်းပခဲ့တဲ့ ဗြိတိန် ဆုပေးပွဲကြီးဟာ နှစ်စဉ်ကျင်းပတဲ့ ဆုပေးပွဲဖြစ်ကာ ပရိသတ်တွေပေးတဲ့ မဲအရေအတွက်အရ ဆုတွေရွေးချယ်ချီးမြှင့်ပေးတဲ့ ဆုပေးပွဲကြီးလည်း ဖြစ်ပါတယ်။

အသက် (၂၇)နှစ်အရွယ် အဒဲလ်ရရှိခဲ့တဲ့ ဆုလေးဆုကတော့ ဗြိတိန်အမျိုးသမီးဆိုလိုတေးသံရှင်ဆု၊ "Hello"တေးသီချင်းအတွက် ရရှိခဲ့တဲ့ ဗြိတိန်တစ်ကိုယ်တော်တေးသီချင်းဆု၊ "25" တေးအယ်လ်ဘမ်အတွက် တစ်နှစ်တာရဲ့အကောင်းဆုံး ဗြိတိန်ပေါ့ပ်တေးအယ်လ်ဘမ်ဆုနဲ့ ကမ္ဘာလုံးဆိုင်ရာ အောင်မြင်မှုဆုတို့ပဲ ဖြစ်ကြပါတယ်။

ယင်းဆုပေးပွဲကြီးမှာအဒဲလ်က အဆိုတော် ကတ်ရှာရင်ဆိုင်နေရတဲ့အမှုနဲ့ ပတ်သက်ပြီး ကတ်ရှာဘက်ကရပ်တည်ကြောင်းနဲ့ ကတ်ရှာအတွက် အားပေးစကားကိုလည်း (၃၆)ကြိမ်မြောက် ဗြိတိန်ဆုပေးပွဲစင်မြင့်ပေါ်ကနေ ပြောကြားခဲ့ပါတယ်။

အေးပြည့် စုစည်းသည်

# ကျွန်မရဲ့ ဆန္ဒကတော့ ကြောက်ရွံ့မှုကင်းကင်းနဲ့ ဂီတအလုပ်တွေကို ရှေ့ဆက်ချင်တာပါပဲလို့ ဖွင့်ဟလာတဲ့ ကတ်ရှာ



ပေါ့ပ်အဆိုတော် ကတ်ရှာက လတ်တလောမှာ ရင်ဆိုင်နေခဲ့ရတဲ့ သူ့ရဲ့အမှုနဲ့ပတ်သက်ပြီး သူ့အနေနဲ့ ဆန္ဒတစ်ခုကတော့ ဂီတလုပ်ငန်းတွေကို ကြောင်ရွံ့စိုးရိမ်စိတ်ကင်းကင်းနဲ့ ရှေ့ဆက်သွားလိုခြင်းသာဖြစ်ကြောင်း အမှုကိုဆုံးဖြတ်ချက်ချခဲ့တဲ့ ဖေဖော်ဝါရီ ၁၉ ရက်နောက်ပိုင်း ပထမဦးဆုံးအကြိမ် အမှုနဲ့ ပတ်သက်ပြီး ရင်ဖွင့်ခဲ့ကြောင်း အမ်တီဗွီနယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ကတ်ရှာက သူ့ရဲ့ပရိသတ်တွေနဲ့ သူ့ဘက်ကရပ်တည်ကာ အားပေးတဲ့သူတွေအတွက် ကျေးဇူးတင်ကြောင်းကိုလည်း သူ့ရဲ့ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့ပါတယ်။

ကတ်ရှာဟာပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်းက တေးထုတ်လုပ်သူ ဒေါက်တာလုခ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့အမှုမှာ ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါ့ကြောင့် အဆိုပါအမှုအပေါ် တရားရုံးက ဆုံးဖြတ်ချက်ဟာ မမှန်ကန်ကြောင်းဝေဖန်ရင်း ကတ်ရှာဘက်က ဟောလီဝုဒ်အကျော်အမော်တွေက ရပ်တည်ပေးခဲ့ကြပါတယ်။ ထိုအထဲမှာ လေဒီဂါဂါ၊ အရီရန်နာဂရမ်ဒီ၊ ဒေမီလက်ဗားတိုး၊ ကယ်လီကလာဆန်စတဲ့ အနုပညာရှင်တွေ ပါဝင်ပါတယ်။

အမေရိကန်ပေါ့ပ်အဆိုတော် မိုင်လီဆိုင်းရပ်စ်က အဆိုတော်ကတ်ရှာရင်ဆိုင်နေရတဲ့ အမှုနဲ့ ပတ်သက်ပြီး ကတ်ရှာဘက်မှ မခံမရပ်နိုင်ဖြစ်ကာ အဆိုပါအမှုအတွက် တရားရုံးရဲ့ဆုံးဖြတ်ချက်ကြောင့် ဒေါသဖြစ်ရကြောင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖွင့်ဟခဲ့ပါတယ်။ ဗြိတိန်ပေါ့ပ်အဆိုတော်အဒဲလ်ကလည်း ကတ်ရှာကို ထောက်ခံအားပေးကြောင်း ဆုပေးပွဲစင်မြင့်ပေါ်ကနေ ပြောကြားခဲ့ပါတယ်။

ထိုအထဲကမှ ပေါ့ပ်အဆိုတော်တေလာဆွစ်ကတော့ ကတ်ရှာအတွက် ခက်ခဲတဲ့ ဒီလိုအချိန်မျိုးမှာ အထောက်အပံ့တစ်စုံတစ်ရာဖြစ်စေဖို့ရည်ရွယ်ကာ အမေရိကန်ဒေါ်လာ နှစ်သိန်းခွဲကူညီထောက်ပံ့ခဲ့ပါတယ်။

၂၀၁၄ ခုနှစ်တွင် ကတ်ရှာက လုခ်ဟာ သူ့အပေါ် လိင်ပိုင်းဆိုင်ရာကျူးလွန်မှုပြုခဲ့ကြောင်း စွပ်စွဲတိုင်ကြားခဲ့ပါတယ်။ ထိုကဲ့သို့ အကြမ်းဖက်ခဲ့မှုအတွက် ကတ်ရှာက သူနဲ့လုခ်တို့ချုပ်ဆိုထားခဲ့တဲ့ တေးအယ်လ်ဘမ်ခြောက်ခုထုတ်လုပ်သွားမယ့် စာချုပ်ကို ဖျက်သိမ်းပေးဖို့တောင်းဆိုခဲ့ပေမယ့် ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၉ ရက်မှာ နယူးယော့ခ်တရားရုံးက ကတ်ရှာရဲ့တောင်းဆိုချက်ကို ပယ်ချခဲ့တာဖြစ်ပါတယ်။ တရားရုံးက ကတ်ရှာရဲ့စွပ်စွဲချက်မှာ ဆေးဘက်ဆိုင်ရာအထောက်အထားတွေ ပြသနိုင်ခြင်းမရှိတဲ့အတွက် ခိုင်လုံမှုမရှိကြောင်း ဆုံးဖြတ်ချက်ချခဲ့တာကြောင့် ယင်းအမှုမှာ ကတ်ရှာဟာရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။

အားကစား

# မန်စီးတီးနိုင်ပွဲရရှိခဲ့သော်လည်း အက်သလက်တီကို သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရ

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်များအဖြစ် ဒိုင်နမိုကိဗ်အသင်းနှင့် မန်စီးတီးအသင်း၊ ပီအက်စ်ဗွီအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားခဲ့ကြရာ မန်စီးတီးအသင်းသည် အဝေးကွင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းမှာမူ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဒိုင်နမိုကိဗ်အသင်းနှင့် မန်စီးတီးအသင်းတို့၏ ပွဲစဉ်တွင် မန်စီးတီးအသင်းသည် ပထမပိုင်းပွဲကစားချိန် ၁၅ မိနစ်မှာပင် တိုက်စစ်မှူး အဂူရို၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲကစားချိန် မိနစ် ၄၀ တွင် ဆေးလ်ဗား၏ သွင်းဂိုးထပ်မံရရှိခဲ့ခြင်းကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် မန်စီးတီးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်မူ ပွဲကစားချိန် ၅၈ မိနစ်တွင် ဘူယယ်စကိုင်း သွင်းယူခဲ့သည့်သွင်းဂိုးဖြင့် အိမ်ရှင်ဒိုင်နမိုကိဗ်အသင်း ချေပဂိုးပြန်လည်ရရှိခဲ့ပြီး ပွဲကစားချိန် မိနစ် ၉၀ တွင်ရရှိခဲ့သည့် ယာယာတိုရေး၏ သွင်းဂိုးကြောင့် မန်စီးတီးအသင်းက ဒိုင်နမိုကိဗ်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မတ် ၁၅ ရက်တွင် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် မန်စီးတီးအသင်း၏ အိမ်ကွင်း အီတီဟက်ဒ်၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အခြားပွဲစဉ်တစ်ပွဲဖြစ်သည့် ပီအက်စ်ဗွီအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့၏ ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

(ငွေကြယ်)





# အာဆင်နယ်အသင်း ၄၈ နာရီအတွင်း နှစ်ပွဲကစားရမည်

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် ၄၈ နာရီအတွင်း နှစ်ပွဲဆက်တိုက်ကစားရမည်ဖြစ်ပြီး မတ် ၅ ရက်တွင် စပါးအသင်းနှင့် ပရီမီယာလိဂ်ပွဲစဉ် ကစားရမည်ဖြစ်သည့်အပြင် မတ် ၇ ရက်တွင် အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်အဖြစ် ဟားလ်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အာဆင်နယ်အသင်းသည် အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်အဖြစ် ဟားလ်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့ခြင်းကြောင့် ဟားလ်စီးတီးအသင်းနှင့် ပြန်ကန်ပွဲကစားရန် အကြောင်းဖန်လာခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းအတွက် ပွဲကျပ်ကာလနှင့် ရင်ဆိုင်နေရပြီး ဖေဖော်ဝါရီ ၂၈ ရက်တွင် မန်ယူအသင်းနှင့် လည်းကောင်း၊ မတ် ၂ ရက်တွင် ဆွမ်ဆီးအသင်းနှင့်လည်းကောင်း၊ မတ် ၅ ရက်တွင် စပါးအသင်းနှင့်လည်းကောင်း၊ မတ် ၇ ရက်တွင် ဟားလ်စီးတီးအသင်းနှင့်လည်းကောင်း၊ မတ် ၁၂ ရက်တွင် ဝက်စ်ဘရွန်းအသင်းနှင့် လည်းကောင်း၊ မတ် ၁၆ ရက်တွင် ဘာစီလိုနာအသင်းနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(ငွေကြယ်)

# ဂျာမနီကြယ်ပွင့် အာနိုးလ် ဝုလ်ဖ်ဘတ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆို



အသက်(၂၁) နှစ်အရွယ်ရှိ ဂျာမနီကြယ်ပွင့် အာနိုးလ်သည် ဝုလ်ဖ်ဘတ်အသင်းနှင့် စာချုပ်သစ်တစ်ရပ်ထပ်တိုး ချုပ်ဆိုလိုက်ခြင်းကြောင့် ၂၀၂၀ ခုနှစ်တိုင်အောင် ဝုလ်ဖ်ဘတ်အသင်း၌ ဆက်ရှိနေမည်ဖြစ်သည်။

ဂျာမနီအသင်း၏ လူငယ်ကစားသမား အာနိုးလ်၏ ယခင်စာချုပ်သက်တမ်းသည် ၂၀၁၇ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ပြီး လက်ရှိတွင် သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ခြင်းဖြစ်သည်။ အာနိုးလ်သည် ၂၀၀၉ ခုနှစ်အတွင်းက ဒိုင်နမိုဒရက်ဒန်းမှ ဝုလ်ဖ်ဘတ် လူငယ်အကယ်ဒမီသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် အသင်းကြီး၌ စတင်ပွဲထွက်ကစားခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အာနိုးလ်သည် ဝုလ်ဖ်ဘတ်အသင်း အတွက် ပြိုင်ပွဲအရပ်ရပ်တွင် ပွဲပေါင်း ၁၀၉ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၁၈ ဂိုးသွင်းယူပေးထားသည်။ (ငွေကြယ်)

# မက်ဆီနှင့် စီရိုနယ်လ်ဒိုထက် နေမာပိုကောင်းဟု ကာဖူးဆို

ဘာစီလိုနာအသင်းမှ ဘရာဇီးကြယ်ပွင့်နေမာသည် နည်းစနစ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်မြင့်လာပါက ဘာစီလိုနာကစားဖော် မက်ဆီနှင့် ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး စီရိုနယ်လ်ဒိုတို့ထက် ခြေစွမ်းကောင်းပိုမိုပြသနိုင်မည့်ကစားသမား ဖြစ်ကြောင်း ဘရာဇီးကစားသမားဟောင်း ကာဖူးက ပြောကြားခဲ့သည်။



တိုက်စစ်မှူးနေမာသည် ၂၀၁၅ ခုနှစ်အတွက် ဖီဖာဘလွန်းဒီအောဆုဆန်ခါတင် ရွေးချယ်ခဲ့ရာတွင် တိုက်စစ်မှူး မက်ဆီနှင့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုတို့နှင့်အတူ ရွေးချယ်ခံခဲ့ရသူဖြစ်ပြီး တတိယနေရာနှင့်ပင် ကျေနပ်ခဲ့ရသည်။ လက်ရှိ လာလီဂါ ဂိုးသွင်းအများဆုံးစာရင်းတွင်လည်း သွင်းဂိုး ၁၈ ဂိုးဖြင့် အဆင့်(၄)နေရာတွင် ရပ်တည်နေသည်။

လက်ရှိတွင် နည်းစနစ်ပိုင်းအရည်အချင်းကို ကြည့်မည်ဆိုပါက တိုက်စစ်မှူးနေမာသည် တိုက်စစ်မှူး မက်ဆီနှင့် တိုက်စစ်မှူးစီရိုနယ်လ်ဒိုတို့ထက် ပိုကောင်းသည်ဟု ပြောနိုင်ကြောင်းလည်း ကာဖူးက ပြောကြားခဲ့သည်။ တိုက်စစ်မှူးနေမာသည် ၂၀၁၀ ခုနှစ် ဩဂုတ်လမှစတင်ကာ ဘရာဇီးအသင်းအတွက်အဓိက ကစားသမားဖြစ်လာခဲ့ခြင်းဖြစ်သည်။ (ငွေကြယ်)

## အိုးလ်ထရက်ဖို့ဒ်မှာ အမှတ်ပြည့်ရဖို့ ခက်ခဲမယ့် မန်ယူ

### ပရီမီယာလိဂ်ရင်ခုန်သံ - ၂၇

***အင်္ဂလန် ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ပွဲစဉ် ၂၇ ကို ဖေဖော်ဝါရီ ၂၇၊ ၂၈ ရက်တွေမှာ ကျင်းပဖို့ရှိပြီး ကက်ပီတယ်ဝမ်းဖလား ဗိုလ်လုပွဲကြောင့် လီဗာပူး မန်စီးတီးတို့ရဲ့ပွဲတွေကို ရွှေ့ဆိုင်းထားပေမယ့် မန်ယူနဲ့ အာဆင်နယ် ဆုံတွေ့တဲ့ပွဲပါဝင်နေလို့ စိတ်ဝင်စားဖို့ကောင်းတဲ့ပွဲစဉ်တစ်ခုဖြစ်လာမှာ သေချာနေပါတယ်။***

ရှိုင်းမင်းမင်း

**ဝက်စ်ဟမ်း-ဆန်းဒါးလန်း ည ၇း၁၅ (၂၇-၂-၁၆)**

ဆန်းဒါးလန်းကတန်းမဆင်းရဖို့ ရုန်းကန်နေသလို လက်ရှိခြေစွမ်းပိုင်းလည်း တိုးတက်ကောင်းမွန်လာပါတယ်။ ဒါပေမယ့် ဥရောပဝင်ခွင့် မှန်းနေတဲ့ ဝက်စ်ဟမ်းကလည်း အကောင်းဆုံးခြေစွမ်းကို ပိုင်ဆိုင်ထားပြီး အိမ်ကွင်းအားသာချက်လည်းရှိနေပါတယ်။ ဝက်စ်ဟမ်းပဲ နိုင်ပွဲရသွားမှာပါ။

**စတုတ်-ဗီလာ ည ၉း၃၀ (၂၇-၂-၁၆)**

စတုတ်ဟာ နိုင်ပွဲပျောက်ဆုံးမှုတွေကို ရပ်တန့်နိုင်ခဲ့သလို ဒီပွဲစဉ်မှာလည်း နိုင်ပွဲဆက်နိုင်ရေးအတွက် အိမ်ကွင်းအားနဲ့ ဖိအားပေးကစားသွားမှာပါ။ ဗီလာက တန်းမဆင်းရဖို့ ရုန်းကန်နေပေမယ့် ခံစစ်ပိုင်းကတော့ အားနည်းမှုတွေများနေဆဲဖြစ်ပါတယ်။ စတုတ်ကသာ နိုင်ပွဲရသွားမှာပါ။

**ဝက်ဖို့ဒ်-ဘုန်းမောက် ည ၉း၃၀ (၂၇-၂-၁၆)**

ဘုန်းမောက်က တန်းဆင်းဇုန်အတွင်းက နယူးကာဆယ်၊ ဆန်ဒါးလန်းတို့နဲ့ အမှတ်သိပ်မကွာတာကြောင့် တန်းမဆင်းရရေး အားစိုက်ကစားနေပါတယ်။ ဒါပေမယ့် ဝက်ဖို့ဒ်ရဲ့အသင်းလိုက် ကစားအားက ဘုန်းမောက်ထက် ပိုမိုတည်ငြိမ်သလို ဝက်ဖို့ဒ်ရဲ့ ကွင်းလည်းဖြစ်နေတယ်။ ဝက်ဖို့ဒ်ပဲနိုင်ပွဲရမယ်။

**ဆောက်သမ်တန်-ချဲလ်ဆီး ည ၉း၃၀ (၂၇-၂-၁၆)**

ပွဲကောင်းတစ်ပွဲပါ။ ဥရောပဝင်ခွင့်ရဖို့မျှော်လင့်နေတဲ့ ဆောက်သမ်တန်ဟာ ပွဲတိုင်းအာရုံစိုက်ကစားနေသလို ခံစစ်ကစားပုံနဲ့ အသင်းလိုက်ခြေကောင်းမွန်နေကာ အိမ်ကွင်းလည်းဖြစ်တယ်။ ဒါကြောင့် ချဲလ်ဆီးတို့ လက်ရှိခြေမဆိုးပေမယ့် ဒီပွဲမှာတော့ သရေလောက်ပဲ ကစားသွားနိုင်မှာပါ။

**လက်စတာ-နော့ဝှစ်ချ် ည ၉း၃၀ (၂၇-၂-၁၆)**

ထိပ်ဆုံးနေရာမှာ ဆက်လက်တည်မြဲနိုင်ဖို့အတွက် အခုထိုပွဲစဉ်မျိုးမှာ လက်စတာတို့ အမှားခံမှာမဟုတ်ပါဘူး။ လက်စတာရဲ့ အိမ်ကွင်းလည်းဖြစ်နေသလို နော့ဝှစ်ချ်ရဲ့ ခြေကလည်း အားနည်းမှုတွေများလွန်းနေပါတယ်။ နော့ဝှစ်ချ်တို့ သရေရဖို့တောင် မဖြစ်နိုင်ပါဘူး။

**ဝက်စ်ဘရွန်း-ပဲလေ့စ် နံနက် (၂၈-၂-၁၆)**

ပဲလေ့စ်ရဲ့ အခုနောက်ပိုင်းခြေစွမ်းက ကျဆင်းနေပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက တစ်ပွဲတစ်ဂိုးလောက်သွင်းနိုင်ဖို့အတွက်တောင် အတော်လေးရုန်းကန်နေရပါတယ်။ ဝက်စ်ဘရွန်းကတော့ ခြေသာမန်သာရှိပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးသွားမှာပါ။ ဝက်စ်ဘရွန်းပဲ ကပ်နိုင်မယ်။

**မန်ယူ-အာဆင်နယ် ည ၈း၃၅ (၂၈-၂-၁၆)**

စိတ်ဝင်စားဖို့ကောင်းတဲ့ပွဲပါ။ လက်ရှိအချိန်မှာ မန်ယူဟာ ခြေစွမ်းပိုင်းအားနည်းသလို ဒဏ်ရာရကစားသမားတွေများနေပေမယ့် အိမ်ကွင်းပွဲဖြစ်လို့ ခြေကုန်ထုတ်မှာပါ။ ဒါပေမယ့် အာဆင်နယ်ခြေကလည်း အကောင်းဆုံးနီးပါး ဖြစ်နေတာကြောင့် ဒီပွဲမှာမန်ယူ သရေထက်လုံးဝပိုမရနိုင်ပါဘူး။

**စပါး-ဆွမ်ဆီး ည ၈း၃၅ (၂၈-၂-၁၆)**

စပါးဟာ ယူရိုပါလိဂ်ကစားခဲ့သလို ပွဲပန်းမှုရှိနေနိုင်ပေမယ့် လက်စတာကိုဖိအားပေးနိုင်ရေး အမှားခံမှာ မဟုတ်သလို ခြေစွမ်းကလည်း အကောင်းဆုံးပုံစံရနေပြီး အိမ်ကွင်းလည်းဖြစ်တာကြောင့် ခြေသာမန်သာရှိပြီး တိုက်စစ်ကစားပုံ အားနည်းတဲ့ ဆွမ်ဆီးကို အနိုင်ကစားသွားဖို့ ရှိနေပါတယ်။

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေး လျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

ညောင်ပင်ဈေးမှ ဈေးသူဈေးသားများက အင်္ဂလိပ်အစိုးရထံ အလေးများမအပ်ကြဘဲ အလေးများစုဆောင်းကြကာရသမျှ ဟင်္သာရုပ်အလေးတွေ အရည်ကျို၍ ဘုရားရုပ်ပွား သွန်းလုပ်ကြသည်။ ထို့နောက် ဈေးထဲ ဓမ္မာရုံဆောက်လုပ်၍ ကိုးကွယ်ကြသည်။ ရွှေလေးဘုရားဟု ကမ္ပည်းတပ်ကြသည်။ ဘုရားရုပ်ပွားတော်စမ္ဗဏ်တွင် ကမ္ပည်းရေးထိုးသည်။ ညာဏ်တော်အမြင့် တစ်တောင် နှစ်မိုက်အခန့်မြင့်ရှိ ရုပ်ပွားဆင်းတုတော်ကို ယခုတိုင် ညောင်ပင်ဈေး အရှေ့တောင်ထောင့်၌ ဓမ္မာရုံဖြင့် ကိုးကွယ်ကြသည်။ နတ်တော်လဆန်း ၇ ရက် ဘုရားပွဲကျင်းပကြသည်။

ကြေးသွန်းလုပ်သည့် ခုနှစ်မှာ ၁၂၅၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့ (၄-၅-၁၉၈၃) ရက်ဖြစ်သည်။ အခြားဈေးများမှ ဈေးသည်များမှာ ရွှေဟင်္သာကြေးဝါအလေးများကို အင်္ဂလိပ်အစိုးရ မြူနီစီပယ်သို့ ပေးအပ်ခဲ့ကြသော်လည်း ညောင်ပင်ဈေးသူဈေးသားများက မျိုးချစ်စိတ်ဓာတ်ဖြင့် အတုယူဖွယ် ဆောင်ရွက်လိုက်ခြင်းဖြစ်သည်။

**ပြည်ကြီးကျက်သရေအနောက်**

အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက်တွင် အကွက်(၁၂)ကွက်ပါဝင်သည်။ အရှေ့ဘက် (၈၂) လမ်း၊ အနောက်ဘက် (၈၆) လမ်းနှင့် (၂၆) လမ်း၊ မြောက်ဘက် (၂၂) လမ်းအတွင်း သတ်မှတ်ထားသည်။ မန္တလေးမြို့ရပ်ကွက်ဝင်များ အကွက်ချပေးစဉ်က ပါဝင်သောအမည်ဖြစ်သည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသောအရပ်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်၏။

မြို့လယ်ရပ်ကွက် ဈေးချိုနှင့် တောင်မြောက်ထိစပ်လျက်ရှိသဖြင့် တိုက်တာအိမ်ခြေထူထပ်၏။ ဝင်းအနည်းငယ်မျှသာရှိ၏။ ထင်ရှားသောစေတီမှာ ရွှေကျီးမြင်ဘုရားဖြစ်၏။ အကွက်(၁၆၀) သည် ရွှေတချောင်း အရှေ့ဘက် (၂၂) လမ်းနှင့် (၂၃) လမ်းကြား၊ (၈၄) လမ်းနှင့် (၈၆) လမ်းကြားရှိသည်။ ယခင် မေမန်းကားသင်း ရှိခဲ့သဖြင့် မေမန်းဝင်းဟု ခေါ်ကြသည်။ အကွက်(၁၆၁)မှာ (၂၂) လမ်းနှင့် (၂၃) လမ်း၊ (၈၃) လမ်းနှင့် (၈၄) လမ်းကြားဖြစ်သည်။ ဇချိုင့်ဗလီရှိသဖြင့် ဇချိုင့်ဝင်း၊ ဝင်းအရှေ့အပေါ်တွင် ညောင်ပင်ရှိသဖြင့် ရွှေညောင်ပင်ဝင်း စသည်ဖြင့် အလွယ်တကူ မှတ်သားခေါ်ဝေါ်ကြသည်။

အကွက်(၁၆၉) သည် (၂၃) လမ်းနှင့် (၂၄) လမ်းကြား၊ (၈၄)လမ်းနှင့် (၈၆) လမ်းကြားဝင်းဖြစ်သည်။ ဓားတန်းရေခဲစက်၊ ဘိလပ်ရည်စက်ရုံဝင်းဖြစ်သည်။ အကွက်(၁၆၈)မှာ မိုးမိတ်ဝင်းဟု လူသိများသည်။ (၈၃) လမ်းနှင့် (၈၄) လမ်းကြား၊ (၂၄) လမ်းတွင် ကိုးနဝင်း သဲပုံစေတီတော် တစ်ဆူတည်ရှိသည်။ ထိုင်း(ယိုးဒယား)အဆက်အနွယ်များ တည်ထားခဲ့သည့် သဲပုံစေတီဟု ယုံကြည်ကြသည်။

အကွက်(၁၇၀) မှာ (၈၄) လမ်းနှင့် (၈၆) လမ်းကြား၊ (၂၅) လမ်းနှင့် (၂၄) လမ်းကြားဝင်းဖြစ်သည်။ ရွှေတချောင်းဘေး၌ ဆီပွဲရုံများရှိပြီး ဓားတန်းအနောက်ဒင်္ဂါးဝင်းဟုလည်း တွင်သည်။ အကွက်(၁၇၁) သည် (၈၄) လမ်းနှင့် ၈၃ လမ်းကြားရှိ၍ (၂၄) လမ်း၊ (၂၅) လမ်းကြားဖြစ်သည်။ ဓားတန်းဝင်းဟု လူသိများသည်။ ဓားတန်းဦးသန့် နေထိုင်ခဲ့ရာ ဝင်းဖြစ်သည်။ ကျောင်းဒကာဝင်းဟုလည်း ခေါ်ကြသည်။ ယခင်က မြို့မတူရိယာအသင်း တည်ရှိရာနှင့် ဓားတန်းဦးသန့်နေထိုင်သဖြင့် ဓားတန်းဝင်းဟု လူသိများသည်။

**ဓားတန်း**

ဒါးတန်း(ဓားတန်း) မြန်မာနန်းတွင်းသုံးဓားများ လုပ်ကိုင်ရောင်းချရာ ဈေးတန်းဟု အဆိုရှိသည်။ ဓားတန်း၊ သံတန်းတို့နှင့် ဆက်လျက်ရှိသည်။ နာရီစင် (၂၆) လမ်းနှင့် မြောက် (၂၂) လမ်းထိ၊ (၈၄) လမ်းမတန်း ဖြစ်သည်။ ဓားတန်းတွင် ထင်ရှားမှုများအနက် ရှေးက ဗန္ဓုလဦးဆိုင်နှင့် ဒေါ်စောတင်တို့၏ ကုသိုလ်ကောင်းမှုများကို မန္တလေးဘုရား ကျောင်းတန်ဆောင်းများ၌ တွေ့နိုင်သည်။ ဗန္ဓုလဦးဆိုင် တိုက်မြောက်ဘက်တွင် မြန်မာ့အဆွေ ကုမ္ပဏီရှိခဲ့သည်။ အပေါ်ထပ်တွင် ရွှေပြည်ဦးဘတင် မိသားစု နေထိုင်ခဲ့သည်။ ဆရာကြီး ရွှေပြည်ဦးဘတင်မှာ ဓားတန်းရပ်၌ ကွယ်လွန်ခဲ့သည်။

ဓားတန်းရပ်တွင် ထင်ရှားသည့် ပုံနှိပ်တိုက်များအနက် (၂၅) လမ်းနှင့် (၂၄) လမ်းကြား၊ (၈၄) လမ်း အရှေ့ဘက်၌ ဂုဏဝတီပိဋကတ် ပုံနှိပ်တိုက် တည်ရှိခဲ့ပြီး ယခုမရှိတော့ပေ။ လမ်း ၂ ပုလဲငွေရောင်ရပ် ရွှေ့ပြောင်းပြီး ယခု (၈၂) လမ်း မေယဂရိရပ်ကွက် ထပ်မံရွှေ့ပြောင်းသည်။ ဂုဏဝတီပိဋကတ် ပုံနှိပ်တိုက်မှ ကျမ်းစာအုပ်များ ရိုက်နှိပ်ခဲ့သည့်အပြင် ကိုလိုနီခေတ်သတင်းစာလည်း ရိုက်နှိပ်ခဲ့သည်။ ပုံနှိပ်တိုက်ပိုင်ရှင် ဦးချင်း-ဒေါ်သန်းတို့ မှတစ်ဆင့် သားဖြစ်သူ ဦးခင်မောင်(ရွှေမန်းညွန့်ဦး) က ခဲစာလုံးဖြင့် ပုံနှိပ်လုပ်ငန်းအမွေဆက်ခံထားဆဲရှိသည်။

**မနှင်းဆီဘူတာကလေး**

ဇချိုင့်ရပ် (၂၃) လမ်း၊ (၈၃) လမ်းနှင့် (၈၄) လမ်းကြားသည် ဟိုတယ်၊ စားသောက်ဆိုင်ရပ်ကွက်ဖြစ်သည်။ အကွက်(၁၇၉)သည် ၈၆ လမ်း အရှေ့ဘက်၊ (၂၆) လမ်းနှင့် (၂၅) လမ်းကြား၊ မန်းသီရိဈေး အဆောက်အအုံသစ်ကြီးရှိသည်။ အရှေ့ဘက်တွင် စူလ်တီဗလီဝင်းရှိသည်။ မင်းတုန်းမင်းလက်ထက် ကျောက်ရဲမြို့စား

**၂၆ ဘီလမ်းတွင် ထင်ရှားသော ဓာတ်ပုံတိုက်များအဖြစ် အဟူဂျာ ဓာတ်ပုံတိုက် ၈၂လမ်းနှင့် ၈၁လမ်းကြား၊ ၂၆လမ်းပေါ် တည်ရှိခဲ့သည်။ ယခုတောင်ဇလပ်ဟိုတယ် အနောက်ဘက်ဖြစ်သည်။ တိုကီဝါဓာတ်ပုံ တိုက်မှာလည်း ၂၆လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းအတွင်း စစ်မဖြစ်ခင်က ဖွင့်လှစ်ခဲ့သည်။**

အခွန်ဝန်၊ အကောက်ဝန် မူလာအစ္စမန်အင်က ၁၂၅၀ ပြည့်နှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဈေးချိုမြောက်ဘက် တိုက်တန်းနေရာမှာ ဗလီနှင့် ဆက်လျက်ရှိသည်။ (၂၆) လမ်း၊ (၈၆) လမ်းထောင့်တွင် ရှေးယခင်က မတ္တရာ-မန္တလေးပြေး မီးရထားဘူတာရုံကလေး(မနှင်းဆီဘူတာ) တည်ရှိခဲ့ပြီး ယခုမန်းသီရိဈေးသစ် အဆောက်အအုံထောင့် ဖြစ်သည်။ ၂၆လမ်း ဘက် မျက်နှာပြုနေရာဖြစ်သည်။ မတ္တရာ-မန္တလေး ရထား(၄)တွဲ ခုတ်မောင်းသည်။ လက်ရှိ မီးရထားလမ်းထက် သေးသည်။ ရွှေတချောင်းလေ့များအစား ကိုလိုနီခေတ်က ရထားကလေး ပြေးဆွဲခြင်းဖြစ်သည်။ ထင်းမီးထိုးရေနွေးငွေ့ စက်ခေါင်းဖြစ်သည်။ လမ်းခရီးရပ်ကွက် ဘူတာများ၌ ရပ်သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ ၁၉၄၀ ခုနှစ်ဆန်းက ဖျက်သိမ်းခဲ့သည်။ ၎င်းနေရာ၌ ပြန်ကြားရေးစာဖတ်ခန်းနှင့် မန္တလေးမြို့ပေါ် သတင်းထောက်များ ဖုန်း နံပါတ် ၇၁ နှင့် သတင်းထောက်များရုံးခန်း ဖွင့်လှစ်ခဲ့ကြသည်။ မြို့တော်ခန်းမ(၃)ဆောက်သောအခါ အဆိုပါမနှင်းဆီဘူတာရုံ အုတ်ကြွပ်မိုး တစ်ထပ်အဆောက်အအုံကလေးလည်း ၁၉၈၆ ခုနှစ်လောက်၌ ပျောက်ကွယ်သွားသည်။ အုတ်ကြွပ်မိုးများမှာ ကိုလိုနီခေတ် အိန္ဒိယကုမ္ပဏီမှ တင်သွင်း၍ နှစ်ပေါင်း ၈၆ နှစ် သက်တမ်းရှိ အုတ်ကြွပ် များဖြစ်သည်။ မန္တလေးမြို့ ပြန်ကြားရေးစာဖတ်ခန်းကလေးသည်လည်း ထိုမှမန်းသီတာဥယျာဉ်သို့ ရွှေ့ပြောင်းခဲ့သည်။

**အကောက်ခွန်ဝန်မင်းဝင်း**

အကွက် (၁၇၈)သည် နာရီစင် အရှေ့မြောက်ဘက် သရဖီပင်လက်ကျား ဖြစ်သည်။ စက်ကိရိယာဆိုင်များ၊ ဈေးတန်းများဖြင့် စည်ကားသော ဈေးတန်းကြီးဖြစ်သည်။ အကွက် (၁၇၇) သည် ၂၅လမ်းနှင့် ၂၆လမ်းကြား၊ ၈၂လမ်းနှင့် ၈၃ လမ်းကြားဝင်း ဖြစ်သည်။ ယခုသက်မွေးပညာသင်တန်းကျောင်း၊ ယခင် ကူးသန်းရောင်းဝယ်ရေး ပညာသင်ကျောင်းဖြစ်သည်။ မင်းတုန်းမင်းလက်ထက် အကောက်ခွန်ဝန်မင်း မူလာအစ္စမန်အင် နေထိုင်ခဲ့ရာ ဝင်းဖြစ်၍ မူလာဝင်းဟု လည်းခေါ်သည်။ ထင်ရှားသော အဆောက်အအုံများတွင် ပြည်သူ့ဘဏ်(၁)ရှိသည်။

**ကာတစ်တိုက်**

၂၆ဘီလမ်းနှင့် ၈၃လမ်းထောင့်တွင် ရှေးတိုက်များအနက် ထင်ရှားသော နှစ်ထပ်တိုက်တစ်ခုမှာ အဝါရောင်ငရုတ်ဆုံ ချိတ်လျက်ရှိသော ကာတစ်တိုက်ဖြစ်သည်။ မြို့လူထုက ထိုတိုက်ကို ကာတစ်တိုက်ဟုခေါ်သည်။ ရှေးက မန္တလေးသားများ၏ ကာတစ်(ဗန်းစကားအသုံးအနှုန်း)ဖြစ်၏။ အင်္ဂလိပ်ပရဆေးရောင်းသောဆိုင်ကြီးဖြစ်၏။ကာတစ်အင်ကိုးဟုခေါ်သည်။ဆေးထောင်းသော မောင်းဆုံ သရုပ်ပြ ကြော်ငြာထားခြင်းဖြစ်၏။

**မြင်းစာရေးကြီးဝင်း**

အကွက်(၁၆၂)သည် မြင်းစားရေးကြီးဝင်းဖြစ်သည်။ ၂၂လမ်းနှင့် ၂၃လမ်းကြား၊ ၈၃ လမ်းနှင့် ၈၂ လမ်းကြားရှိသည်။ မင်းတုန်းမင်းလက်ထက် မြင်းစာရေးကြီး နေထိုင်ခဲ့ရာဝင်းဖြစ်၍ မြင်းစာရေးကြီးဝင်းတွင်သည်။ မင်းတုန်းမင်းလက်ထက်မြင်းမှူးမင်းသားမှာ ထိပ်တင်တုတ်ဖြစ်သည်။ မြင်းမှူးမင်းသားတာဝန်မှာ စစ်မက်အရေးပေါ်ပေါက်လာလျှင် မြင်းတပ်တစ်တပ်ကို အုပ်ချုပ်ကြီးမှူးကွပ်ကဲ၍ ချီတက်တိုက်ခိုက်ရသည်။ မြင်းတပ်တို့မှာ ကသည်းမြင်း၊ အက္ကပတ်မြင်း၊ ရှမ်းမြင်း၊ ရဲဘက်မြင်း၊ နောက်တော်ပါမြင်း စသည်ဖြင့် ဖွဲ့စည်းမှည့်ခေါ်သည်။

မြင်းစာရေးကြီးဝင်း မြောက်ပေါက်တွင် ၂၂လမ်းမျက်နှာပြု ကိုလိုနီခေတ်ကတည်ထောင်ခဲ့သော ဟံသာဝတီပုံနှိပ်တိုက် အဆောက်အအုံရှိသည်။ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်မှ ကျမ်းစာအုပ်များ ရိုက်နှိပ်သည်။ နောက်ပိုင်းတွင် ဟံသာဝတီ အဆောက်အအုံသည် လူမှုဖူလုံရေး ဆေးရုံဖြစ်သည်။ ၎င်း၏ မြောက်ဘက်တွင် အမ်ဘီကာမယ်တော် ဘုရားရှိခိုးကျောင်းဝင်းတည်ရှိသည်။

အကွက် (၁၆၇) သည် ၂၃လမ်းနှင့် ၂၄လမ်းကြား၊ ၈၃လမ်းနှင့် ၈၄လမ်းကြားဖြစ်သည်။ ယခင်က ချစ်ညိုပုံနှိပ်တိုက်ဝင်း ဖြစ်သည်။ မန္တလေးစာအုပ်တိုက်ကို စာရေးဆရာချစ်ညို တည်ထောင်၍ ဝတ္ထုစာအုပ်များ၊ ဘာသာပြန်များ ထုတ်ဝေသည်။ ယခုနောက်ပိုင်းတွင် ၎င်းဝင်းနေရာ၌ တိုက်တန်းကြီးများ တည်ဆောက်ခဲ့ပြီး ဟိုတယ်တိုက်တန်းကြီးများ ဖြစ်လာသည်။ ချစ်ညိုပုံနှိပ်တိုက်မှာ ၂၅လမ်း ဒေါင်းတိုက်ဝင်းဘက် ပြောင်းရွှေ့သွားသည်။

**ကျောက်ဗလီ**

မြင်းစာရေးဝင်းတောင်ပေါက် ၂၃ လမ်း၊ ၈၃ လမ်းထောင့်တွင် ကျောက်ဗလီ တည်ရှိသည်။ အသုံးတော်ခံ စိန်မမချိုက ဆောက်လုပ်လှူဒါန်းသည်။ စိန်မမချိုမှာ နန်းတော်အိမ်တော်သို့ ဝင်ထွက်၍ စိန်ဘီး၊ စိန်လက်ကောက်၊ စိန်ထည်မျိုးစုံ ပန်းတိမ်တော်နှင့် အထည်ပြုလုပ်ပေးသွင်းရသူ ဖြစ်သည်။

**ပြည်ကြီးကျက်သရေအရှေ့**

ပြည်ကြီးကျက်သရေ အရှေ့ရပ်တွင် အကွက်ခြောက်ကွက်ရှိသည်။ အရှေ့လမ်း ၈၀၊ အနောက်ကျုံးလမ်း၊ ၈၂လမ်းနှင့် မြောက်ဘက် ၂၂လမ်း၊ တောင်ဘက် ၂၆ လမ်း၊ အနောက်ဘက် ၈၃လမ်းအတွင်း ရပ်ကွက်များကို သတ်မှတ်ထား၏။ အကွက် (၁၆၃) သည် ၈၁ လမ်းနှင့် ၈၂လမ်းကြား၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြား ရှိသည်။ ကိုလိုနီခေတ်က ကာလာဂရီ ပုံနှိပ်တိုက်ဝင်းဖြစ်သည်။ နောက်ပိုင်းတွင် ဆန်ဂိုဒေါင်၊ ကုန်သွယ်ရေးဂိုဒေါင် ဖြစ်သည်။ စာတိုက်ကြီး၏ အနောက်ဘက်ဝင်းဖြစ်သည်။

အကွက်နံပါတ်(၁၆၄) သည် ၈၀လမ်း၊ ၈၁လမ်းကြား၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြား ဗဟိုစာတိုက်ကြီးနေရာ ဖြစ်သည်။ ကိုလိုနီခေတ် ရှေးအဆောက်အအုံကြီးအဖြစ် တွေ့နိုင်သည်။ အကွက်(၁၆၅)မှာ မျက်စိ၊ နား၊ နှာ ခေါင်း၊ လည်ချောင်း အထူးကုဆေးရုံဝင်းဖြစ်သည်။ ဂျပန်ခေတ်က ဂျပန်ကင်ပေတိုင်ရုံး လုပ်ခဲ့သည်။ ကိုလိုနီခေတ်က အမေရိကန် သားဖွားဆေးရုံဖြစ်သည်။ ၁၉၆၄ ခုနှစ် ပြည်သူပိုင်သိမ်းပြီးနောက် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံဖြစ်လာသည်။ ဝင်းအရှေ့ဘက်ခြမ်းမှာ ကျောက်စာဝန်တော်စိန်ခို နေထိုင်ရာ ဝင်းဖြစ်သည်။ အရှေ့ထိပ်၌ နေပြည်တော်ကျောင်း ဖွင့်လှစ်ခဲ့ဖူးသည်။ မျက်စိ၊ နား၊ နှာခေါင်း အထူးကုဆေးရုံ တိုးချဲ့သောအခါ ဆေးရုံဝင်းဖြစ်လာသည်။ အရှေ့တောင်ထောင့်တွင် ဓမ္မဗိမာန်တော် တည်ရှိသည်။ ဆရာကြီး ရွှေပြည်ဦးဘတင်တို့ခေတ်က ဆရာတော် ဦးကလျာဏ၊ ဆရာတော် ရွှေမန်းဦးကေသရတို့ တရားဟောကြားပြီး အလှူငွေဖြင့် ဓမ္မဗိမာန်တော်ကြီး တည်ဆောက်ခဲ့ကြောင်း မှတ်သားရသည်။

**ရတနာပုံနေပြည်တော် ပုံနှိပ်စက်တည်ရာအရပ်**

အကွက် (၁၆၆)သည် အမှတ် ၉၂၁)အမက၊ အမှတ်(၄) အထက (နော်မန်ကျောင်း)ဝင်းများဖြစ်သည်။အကွက် (၁၇၂) သည် အထက (၁၁)ဝင်းဖြစ်ပြီး အနောက်ဘက်တွင် အထက(၈)ကျောင်းဝင်းဖြစ်သည်။ ယင်းကျောင်းနှစ်ကျောင်းတို့မှာ မစ်ရှင်ကျောင်းများဖြစ်ခဲ့ပြီး ၎င်းတို့၏ မြောက်ဘက်တွင် ရွှေကျီးမြင်ဘုရား တည်ရှိသည်။ ရွှေကျီးမြင်ဘုရား၏ တောင် ဘက်အထွက် ၂၄လမ်းဘေးတွင် မင်းတုန်းမင်းလက်ထက်က ရတနာပုံသတင်းစာ ပုံနှိပ်တိုက် တည်ရှိသည်။ ရတနာပုံ နေပြည်တော် သတင်းစာကို ၁၂၃၆ ခု တပေါင်းလပြည့် တနင်္ဂနွေနေ့မှစ၍ ထုတ်ဝေသည်။ သတင်းစာအတွက် စာပုံနှိပ်စက်ကို ထိုအရပ်၌ သီးခြားထူထောင်ပေးခဲ့ခြင်းဖြစ်သည်။ အယ်ဒီတာမှာ စာရေးကြီးဦးထင်(ဘိုးဝဇီရ)ဖြစ်သည်။

**ထီးတန်းနှင့် မန်ကျည်းပင်ဈေး**

အကွက် (၁၇၅)၊ (၁၇၆)မှာ ၂၆လမ်း၊ ၂၅လမ်းကြားနှင့် ၈၁လမ်းနှင့် ၈၂လမ်းကြားရှိသည်။ တောင်ဇလပ် တည်းခိုခန်း အနောက်ဘက်တွင် ယခင်က စာရေးဆရာ ဒေါက်တာထွန်းရွှေ ဆေးတိုက်ကြီးရှိခဲ့သည်။ မြောက်ဘက်တွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းဝင်းဖြစ်သည်။ ၂၆လမ်းဘေး လူနေတိုက်တာ အဆောက်အအုံများတွင် စတိုးဆိုင်ကြီးများအများဆုံး မြို့လယ်စည်ကားရာအရပ်ဖြစ်သည်။

အကွက်(၁၇၆)၊ ၂၆ဘီလမ်း၊ ၈၂လမ်းနှင့် ၈၁လမ်းကြားတွင် စတိုးဆိုင် သုံးထပ်၊ လေးထပ်တိုက်ကြီးများ ကြား၌ မြန်မာရွှေထီးဆိုင် တစ်ထပ်တိုက်ပုလေးကို တွေ့ရသည်။ ဦးဘအိုး-ဒေါ်ခင်မျိုး မြန်မာရွှေထီးလုပ်ငန်းဖြစ်သည်။ ရှေးက ဤနေရာကို ထီးတန်းဟုခေါ်သည်။ ရွှေထီးပြုလုပ်သူများအနက် ဦးဘအိုး မိသားစုကမိရိုးဖလာအမွေထိန်းသိမ်းပေးပြီး ရှေးယခင် ဆိုင်းဘုတ်နှင့် ထိန်းသိမ်းနေထိုင်လျက်ရှိသည်။ ၎င်း၏ သားသမီးများဖြစ်သော ဒေါ်မမ၊ ဒေါ်တင်လှ၊ ဒေါ်သန်းရင်တို့က အမွေဆက်ခံကြသည်။ မြန်မာ့ရွှေထီးများကို မြို့နယ်ပေါင်းစုံ လက်ကားပို့ ရောင်းချခဲ့ကြသူများ ဖြစ်သည်။

မြန်မာပိုင်မိသားစုတိုက်ကလေးအဖြစ် ထီးထီးမားမား တွေ့ရသည်။ မီးလောင်ခဲ့သော်လည်း တိုက်အသားဆိုင်းဘုတ် ထီးတံဆိပ်နှင့် ယနေ့တိုင် ၂၆ဘီလမ်း မြောက်ဘက်ဘေးတွေ့နိုင်သည်။ ထီးများမှာ ဘုန်းကြီးဆောင်းထီးသာမက အမျိုးသားဆောင်း ထီးများလည်း ပြုလုပ်ခဲ့ကြသည်။

ပြည်ကြီးကျက်သရေအရှေ့ရပ် ၈၂ လမ်း၊ ဤရပ်ကွက်တွင် ရှေးက မန်ကျည်းပင်ဈေးဟုလည်း ခေါ်ကြသည်။ မင်းတုန်းမင်းလက်ထက်က မန်ကျည်းပင်ဈေးဟု နာမည်ရသည်။ အမရပူရမန်ကျည်းပင်ဈေးမှလူများ ရွှေပြောင်းနေရာ ချထားပေးခဲ့သဖြင့် မန်ကျည်းပင်ဈေးရပ်တွင်ခဲ့ခြင်းဖြစ်သည်။ တရုတ်တန်းဈေးမှာလည်း အမရပူရတရုတ်တန်းမှ ရွှေ့ပြောင်းခဲ့ကြသဖြင့် တရုတ်တန်းဟုတွင်ခဲ့သည်။

**ခန့်ခန့်ကြီးဓာတ်ပုံတိုက်**

၂၆ဘီလမ်း၊ ၃၈လမ်းထောင့် ကာတစ်တိုက်တောင်ဘက် ၂၆လမ်း ယခု လျှပ်စစ်ပစ္စည်းဆိုင်များအနက်တွင် မန္တလေး ဓာတ်ပုံလောက၌ ထင်ရှားခဲ့သော ခန့်ခန့်ကြီး ဓာတ်ပုံတိုက်တည်ရှိခဲ့သည်။ အမျိုးသမီးဓာတ်ပုံဆရာမ ကြော်ငြာဆိုင်းဘုတ်ဖြင့် မန္တလေးမြို့လယ်၌ ဖွင့်လှစ်ခဲ့သည်။ မန္တလေးသူ အမျိုးသမီးဓာတ်ပုံဆရာမမှာ ဒေါ်ခင်မမကြီး(ယခု အမေရိကန်နိုင်ငံရောက် စာရေးဆရာမ ပတ္တမြားခင်)ဖြစ်သည်။ ကိုယ်တိုင်ဓာတ်ပုံရိုက်၊ ကူး၊ ဆေးကျွမ်းကျင်သူ အမျိုးသမီး ဓာတ်ပုံပညာရှင်များထဲမှ ထင်ရှားသူဖြစ်သည်။

**အဟူဂျာဓာတ်ပုံတိုက်**

၂၆ ဘီလမ်းတွင် ထင်ရှားသော ဓာတ်ပုံတိုက်များအဖြစ် အဟူဂျာဓာတ်ပုံတိုက် ၈၂လမ်းနှင့် ၈၁လမ်းကြား၊ ၂၆လမ်း ပေါ် တည်ရှိခဲ့သည်။ ယခုတောင်ဇလပ်ဟိုတယ် အနောက်ဘက်ဖြစ်သည်။ တိုကီဝါဓာတ်ပုံတိုက်မှာလည်း ၂၆ လမ်း၊ ၈၁ လမ်းနှင့် ၈၂လမ်းအတွင်း စစ်မဖြစ်ခင်က ဖွင့်လှစ်ခဲ့သည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသားစာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**



# ဆီးသီးများစတင်ခူးဆွတ်နေပြီဖြစ်ကာ ဈေးကောင်းရရှိရန် မျှော်လင့်

**မုံရွာ ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ ယင်းမာပင်မြို့နယ်နှင့် ကနီမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆီးပုလဲသီးကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ လတ်တလောကာလတွင် မုံရွာမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချနိုင်ရေး တောင်သူများက ဆီးသီးများကို စတင်ခူးဆွတ်လျက်ရှိကြောင်း သိရသည်။

ယခင်နှစ်များက ဆီးသီးဈေးကွက်မှာ ဈေးနှုန်းကျဆင်းခြင်းကြောင့် ဆီးသီးဈေးကွက် ပျက်ခဲ့ရပြီး ဆီးသီးများအစား တခြားသီးနှံများ စိုက်ပျိုးမှုများရှိလာကြောင်း ယင်းဒေသခံများက ပြောသည်။

“ဆီးသီး စတင်ဆွတ်ခူးနေပါပြီ ဒီနှစ်မှာ ဆီးသီးအထွက်နည်းတယ်။ နောက်ပိုင်း မိုးလိုသွားလို့ အထွက်လျော့တယ်ထင်တယ်။ နောက်တစ်ခုက ဒီနှစ် ပျားသမားတွေ ပျားပုံးတွေချတာ များတာတွေကြောင့် အသီးထွက်လျော့တယ်လို့လည်း တချို့က ထင်ကြေးပေးနေကြတယ်။ တချို့တွေလည်း ပေါ်ခါစ ချက်ချင်းနေလှန်းရောင်းတော့ ကျပ် ၂၀၀ ကျော် ဈေးရတယ်လို့ ကြားပါတယ်။

“ကျွန်တော်တို့က တစ်ရာသီဆို ဆီးပင်ရှင်းခါ၊ ဆီးသီးကောက်ခစသည့် လုပ်အားခတွေက အရင်ကြိုပြီး ကုန်ထားပြီးပြီ အခုလို ဆီးသီးပေါ်ချိန်မှာမှ ဈေးကောင်းမရရင် နောင်နှစ်ဆက်လှောင်ထားလည်း ဈေးကောင်းရဖို့ သိပ်မလွယ်တော့ဘူး။ တချို့ဆိုလွန်ခဲ့တဲ့တစ်နှစ်၊ နှစ်နှစ်လောက်ကဆီးသီးတွေကို မရောင်းဘဲ လှောင်ထားတဲ့သူတွေ ရှိတယ်။

“သူတို့ဆို မရောင်းရတဲ့အပြင် ကိုယ့်လယ်ထဲမှာကိုယ်ပြန်ပြီး မြေဩဇာအဖြစ် ပြန်ချမယ်ဆိုရင် အလုပ်သမားခပါ ထပ်ပြီးကုန်ရဦးမယ်။ တချို့တောင်သူတွေဆိုရင် မနှစ်က ဆီးသီးဈေးမကောင်းတော့ ဆီးပင်တွေကိုတူးပစ်ပြီးတော့ အခြားသီးနှံပဲစိုက်ကြတော့တယ်။ ဒီနှစ်တော့ ကျွန်တော်တို့ ဆီးစိုက်တောင်သူတွေ ဈေးကောင်းရဖို့ မျှော်လင့်ပါတယ်”ဟု ယင်းမာပင်မြို့နယ်အတွင်းရှိ ညောင်ကိုင်း(အရှေ့)ရွာမှ တောင်သူတစ်ဦးက ပြောပြသည်။

အဆိုပါ ဆီးသီးခြောက်များကို အချို့ပွဲစားများက ကျေးရွာများအရောက် လာရောက်ဝယ်ယူကြသလို တောင်သူများက ကျေးရွာမှ တစ်ဆင့် မုံရွာမြို့ရှိ ပွဲရုံများအရောက် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မြေသားရေကန်မြေဖို့ခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေး

**သရက် ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် မြောက်ကျွတ်ကျေးရွာအုပ်စု အုတ်ပုံကျေးရွာအတွင်းရှိ မြေသားရေကန် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် မြေသားရေကန်ပြုပြင်ဆောင်ရွက်နေမှု မြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၁ရက် နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ မြေသားရေကန်အား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ သတ္တမအကြိမ်မြောက် မွမ်းမံရန်ပုံငွေဖြင့် ရွှေကုန်းဘောင် ကုမ္ပဏီမှ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအား သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးဝင်းထိုက်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးဝင်းတင်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက သွားရောက်ကြည့်ရှုခဲ့သည်။

အမြင့် ၅၄ ပေရှိ မြေသားတာပေါင် ရေရှည်ခိုင်မာတောင့်တင်းအောင် ကားများဖြင့် မြေများသယ်ယူနေမှု၊ မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့အား ယင်းအဖွဲ့မှ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# မြင်းမူ(၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံသို့ အောက်ဆီဂျင်ဘူးများနှင့် ဆေးရုံသုံးပစ္စည်းများအားလာရောက်လှူဒါန်း

**မြင်းမူ ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ရှိ (၁၆) ခု-တင်ဆံ့ တိုင်းရင်းဆေးရုံသို့ အောက်ဆီဂျင်ဘူးနှင့် ဆေးရုံသုံး ပစ္စည်းများကို Richly သောက်ရေသန့် လုပ်ငန်းမိသားစုမှ ဖေဖော်ဝါရီ ၂၃ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် အောက်ဆီဂျင်ဘူးတစ်ဘူး၊ စမ်းသပ်လူနာခုတင်နှစ်လုံး၊ လူနာတင် ခုတင်ရှစ်လုံး၊ ဆေးထည့် ဘီရိုရှစ်လုံး၊ Wheel Chair တစ်ခုစသည့် ကျပ် ၁၀ သိန်းဝန်းကျင်ရှိ ဆေးရုံသုံးပစ္စည်းများကို မန္တလေးမြို့ ရတနာပုံမြို့သစ်မှ အလှူရှင် ဒေါ်စိုးစိုးလွင်၊ Richly သောက်ရေသန့်လုပ်ငန်း မိသားစုက လာရောက်လှူဒါန်းရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

အဆိုပါ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိရာ ယနေ့အချိန်အထိ ပြင်ပလူနာ ၂၂၈၀ နှင့် အတွင်းလူနာ ၈၉ ဦးကို တိုင်းရင်းဆေးရုံဝန်ထမ်းများက ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ**



# တံတားဦးမြို့နယ်တွင် နွားများအား ခွာနာ၊လျှာနာရောဂါ ကာကွယ်ဆေးများ ကျေးရွာများအရောက်အခမဲ့ထိုးနှံပေး

**တံတားဦး ဖေဖော်ရီ ၂၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ OIE တို့ပူးပေါင်းဆောင်ရွက်သည့်ကျွဲ၊ နွားများအား ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေးထိုးခြင်း စီမံချက်အရ တံတားဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက ကျေးရွာများအရောက် ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေးများကို အခမဲ့ကွင်းဆင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကျွဲ၊ နွားများ ရာသီဥတုကူးပြောင်းချိန်များတွင် ဖြစ်ပွားတတ်သော ခွာနာ၊ လျှာနာရောဂါ ကာကွယ်နိုင်ရန်အတွက် တံတားဦးမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမျိုးတင့်နှင့်ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ ကျေးရွာ ၄၆ ရွာမှ နွား ၁၀၈၄၉ ကောင်ကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ OIE မှ ကာကွယ်ဆေးများ အခမဲ့ပံ့ပိုးကူညီမှုဖြင့် ကျွဲ၊ နွားများ ခွာနာ၊ လျှာနာရောဂါ ကာကွယ်ဆေးများကို ကျေးရွာများအရောက် ကွင်းဆင်း၍ အခမဲ့ထိုးနှံပေးပြီး အခြားတိရစ္ဆာန်များကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

ဗိုတိဘုခ ၀၉ ၄၂၀၀၀၅၂၇၈၊ ၀၉ ၇၃၀၅၁၁၉၈၊ ၀၉ ၂၆၄၅၇၇၃၉၁၊ ၀၉ ၇၉၄၉၄၄၅၇၈ | မြေ-11 ထွက်မည်
ထားဝယ်ရှင်ကိုးရှင်၊ ဘန်ကောက်မြဲဘုရား၊ အယုဒ္ဓယ၊ ကန်ချနာဘူရီ၊
မောင်းမကန်၊ လောင်းလုံဘုတ်ကျွန်း၊ မျှော်ရစ်၊ ၃၅ သိန်း
တောင်ကြီး၊ အင်းလေး၊ ကျိုင်းတုံ၊ တာချီလိတ်၊ ရွှေတြိဂံ၊ ချင်းမိုင် ၃ သိန်း
အလောင်းတော်ကဿပ၊ မန္တလေး၊ စစ်ကိုင်း၊ ကလေး၊ တမူး၊ မိုးရေး၊ အသုံပိုင်ရောက် ၁.၅သိန်း

အာဇနဂါး Asia Dragon ကျိုက်ထီးရိုး ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-8008
707062, 09-861-7770

PPT Travels
မော်တင်စွန်း - 35000
(ထမင်းကျွေး/တည်းခိုခန်းစရိတ်ငြိမ်း)
Ph:09-252606649
09-450623655

GOLDEN STAR ခရီးသွားလုပ်ငန်း
ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

